# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၁) ရက်၊ စနေနေ့ ၊ (12-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၄)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိမြို့ဖများကို အစိုးရအဖွဲ့ရုံးညွှန့်ပေါင်းရိပ်သာ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ပညာရေး၊ကျန်းမာရေးနှင့်တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့်အခြေအနေတွင် ရှိနေပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ထိုကဲ့သို့သောအခြေအနေတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ⇒



ရတနာပုံ
၂၀၁၃ ခုနှစ် ဩဂုတ် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်ဆိုတာ အနာဂတ်ကမ္ဘာ

လူငယ်များသည် နိုင်ငံ၏အနာဂတ်ခေါင်းဆောင်လောင်းများဖြစ်ကြပြီး နိုင်ငံ၏အခန်းကဏ္ဍအသီးသီးကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအတွက် သားကောင်းရတနာများအဖြစ် ပေါ်ထွန်းရေးအတွက် စနစ်တကျပြုစုပျိုးထောင်ပေးရန် အထူးလိုအပ်သည်။ ထို့ကြောင့် ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်ဖြင့် နှစ်စဉ် ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်းတွင် ကျင်းပပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်အတွက် အလွန်တန်ဖိုးကြီးမားသည့် သယံဇာတနှင့် လူသားအရင်းအမြစ်များသည် လူငယ်များပင်ဖြစ်သည်။ လူငယ်တို့၏ ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်ထင်ရှားကြီးပွားမှုများသည် နိုင်ငံတော်တွင်လည်း ရေမြင့်လျှင် ကြာတင့်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာပေမည်။ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးနိုင်သူများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်သူများ၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သူများ၊ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်လုပ်သား အင်အားစုများဖြစ်ကြသည့်အတွက် လူငယ်များအားလုံးကို နိုင်ငံတကာက အသိအမှတ်ပြု တန်ဖိုးထားကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အလုပ်လုပ်နိုင်သူ လူငယ်များပြားစွာ တည်ရှိနေခြင်းကြောင့် လူဦးရေဆုလာဘ်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံသားလူငယ်ထု၏ ကာယဉာဏစွမ်းပကားများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံသားလူငယ်များအနေဖြင့် မိမိတို့ရောက်ရှိနေထိုင်ရာ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး ဒေသခံများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းကြိုးပမ်းဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ကြရပါမည်။ အထူးသဖြင့် ခေတ်မီပညာတတ်သည့် မျိုးဆက်များနှင့်တိုးတက်သည့်နိုင်ငံတော်ကြီးအဖြစ် ထူထောင်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် တတ်စွမ်းသမျှ အားကြိုးမာန်တက် ကျရာတာဝန်ထမ်းရွက်နိုင်ရပါမည်။ သို့မှသာ မိမိနိုင်ငံအတွက် နိုင်ငံ့သားကောင်းရတနာများအဖြစ်သာမက ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးပုံဖော်ရာတွင် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ် လူတော်လူကောင်းများအဖြစ် ကျရာအခန်းကဏ္ဍအသီးသီးက ပါဝင်နိုင်မည်ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့သည် လူငယ်များအနေဖြင့် မိမိတို့၏ မိသားစုဝန်းကျင်၊ နိုင်ငံနှင့်လူမျိုး၊ ကမ္ဘာ့အရေးအရာကိစ္စများတွင် အကျိုးရှိရှိပါဝင်ပတ်သက်ဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပ အသိအမှတ်ပြုကြသည့်နေ့ဖြစ်ပါသည်။ နိုင်ငံ့အရေး၊ ကမ္ဘာ့အရေး ကဏ္ဍအသီးသီးတွင် လူငယ်များ ပိုမိုပါဝင်လာခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ကမ္ဘာ့ရေးရာ ပဋိပက္ခပြဿနာများ ဖြေရှင်းရာတွင် လူငယ်များ၏ ပူးပေါင်းပါဝင်မှုကြောင့် ငြိမ်းချမ်းသာယာပြီး ပိုမိုလှပသောကမ္ဘာကြီးအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ရာ အနာဂတ်ကမ္ဘာ သာယာစေရေးအတွက် မျိုးဆက်သစ်လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# တောင်သမန်တံတားနှင့် အင်းသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြားလျက်ရှိ



**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြားလျက်ရှိကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

တောင်သမန်တံတားနှင့် တောင်သမန်အင်းမှာ မန္တလေးမြို့တွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့်နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"အခု တောင်သမန်တံတားနဲ့ တောင်သမန်အင်းကို ပြည်တွင်းခရီးသွားအပြင် ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှုက တော်တော်လေး များလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့ တောင်သမန်အင်းအတွင်း ငှက်လှေစီးရင်း လည်ပတ်ကြတဲ့ ပြည်ပခရီးသွားတွေက ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ရုရှားနိုင်ငံက ခရီးသွားတွေ များလာပါတယ်"ဟု တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ ဩဂုတ်လပထမပတ်က တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း ဩဂုတ်လ ဒုတိယပတ်မှစ၍ တောင်သမန်တံတားနှင့် အင်းသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း အထက်တန်းကျောင်းငါးကျောင်း၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ကို တွဲဖက်သင်ကြားပေးနေ

**မန္တလေး ဩဂုတ် ၁၁**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို တွဲဖက်သင်ကြားပေးနေကြောင်း မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးကြည်စိန်က ပြောပြ၍ သိရသည်။

အခြေခံပညာအလယ်တန်းအဆင့် Grade -9 ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ဖွင့်လှစ်သင်ကြားပေးနေသည့်ကျောင်းများမှာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ပျော်ဘွယ်)၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း(မိတ္ထီလာ)၊ ကျောက်ပန်းတောင်းမြို့မှ အခြေခံပညာအထက်တန်းကျောင်း(လက်ပံပျား)၊ အခြေခံပညာအထက်တန်းကျောင်း (မြစ်သား)နှင့် စဉ့်ကူးမြို့မှ အခြေခံပညာအထက်တန်းကျောင်း (ရွှေပြည်)တို့ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၉၈ ဦး တက်ရောက်သင်ယူနေကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးမှာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်သင်ကြားနေတဲ့ အခြေခံပညာကျောင်း ငါးကျောင်းရှိပါတယ်။ Grade-9 အောင်မြင်တဲ့အခါမှာ Grade-10၊ Grade-11၊ Grade-12 ကို အထက်တန်းအဆင့်တက်ရပါတယ်။ အဲဒီသုံးတန်းမှာ စက်မှုရယ်၊ စိုက်ပျိုးရေးရယ်၊ မွေးမြူရေးရယ်ကို သုံးနှစ်အနေနဲ့ တွဲဖက်သင်ကြားရမှာပါ။ စက်မှုဘာသာရပ်မှာ ၃၇၁ ယောက်၊ စိုက်ပျိုးရေးဘာသာရပ်မှာ ၉၅ ယောက်၊ မွေးမြူရေးဘာသာရပ်မှာ ၃၂ ယောက် စုစုပေါင်းအနေနဲ့ ကျောင်း ငါးကျောင်းမှာ တက်ရောက်သင်ယူနေတာ ၄၉၈ ယောက်ဖြစ်ပါတယ်။ အဓိကကတော့ ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်တာပါ" ဟု ဦးကြည်စိန်က ပြောပြ၍ သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဩဂုတ် ၁၁**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေတွေ၊ မြေကွက်အကျယ်မဟုတ်တာတွေ၊ နေရာက အတွင်းပိုင်းကျပြီး လမ်းမသင့်တာတွေ၊ လူနေအဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့ မြေအမျိုးအစားဖြစ်နေတာတွေ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးပဲဖြစ်နေရတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာခြင်း မရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အမှန်တကယ် နေထိုင်လိုသူများ အများဆုံး ဝယ်ယူမှုရှိနေကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ (၂၀×၄၀)၊ ပေ (၃၀×၄၀)၊ ပေ (၄၀×၄၀) အကျယ်ရှိ မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓလေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် ဖရဲကျွန်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆင့်ပွားအကြိမ်ထုတ်ချေး

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ဖရဲကျွန်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆင့်ပွားအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အမရပူရမြို့နယ် ဖရဲကျွန်း(အရှေ့)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိဇ္ဈိမဒေါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ချောက်မြို့နေ ဒေါ်လှမြင့်နှင့် သား၊ သမီး၊ မြေးမိသားစုက ဦးစိန်မောင်(စ)ဦးဝင်းဇော်အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၅၇၉ ဧက စိုက်ပျိုးပြီးစီး




**ကသာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၅၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၆၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ဆီထွက်သီးနှံဧက ၁၆၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဧက ၁၅၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

မြို့နယ်အလိုက် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် မြေပဲ ၁၃၅ ဧက၊ နှမ်းဧက ၄၇၀၊ အင်းတော်မြို့နယ်တွင် မြေပဲဧက ၁၅၀၊ နှမ်းဧက ၁၀၀၊ ထီးချိုင့်မြို့နယ်တွင် မြေပဲ ၃၂ ဧက၊ နှမ်းဧက ၁၉၀၊ နေကြာဧက ၄၀ နှင့် ဗန်းမောက်မြို့နယ်တွင် မြေပဲ ၃၇၈ ဧက၊ နှမ်းဧက ၈၄ စုစုပေါင်း ဆီထွက်သီးနှံ ၁၅၇၉ ဧက တို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် မြေပဲ ၃၇၅ ဧက၊ နှမ်း ၁၀၉ ဧက၊ နေကြာ ၂၅ ဧက၊ အင်းတော်မြို့နယ်တွင် မြေပဲဧက ၁၅၀၊ နှမ်းဧက ၁၂၀၊ နေကြာ ၁၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် မြေပဲ ၃၂ ဧက၊ နှမ်းဧက ၂၆၀၊ နေကြာဧက ၄၀၊ ဗန်းမောက်မြို့နယ်တွင် မြေပဲ ၃၉၄ ဧက၊ နှမ်း ၉၃ ဧကစုစုပေါင်း ၁၆၁၃ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဟင်္သာတမြို့နယ် ဒယ်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဟင်္သာတ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဒယ်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်နှင့် တာဝန်ရှိသူများက ဒယ်ကွင်းကျေးရွာ၌ လမ်းအရှည်ပေ ၆၁၀၀၊ အကျယ် ၁၄ ပေ၊ မြေသားအမြင့် သုံးပေ ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် လမ်းအကျယ် ၁၀ ပေ၊ ချင်းကျောက်အမြင့် ကိုးလက်မ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားသည်။

ဟင်္သာတမြို့နယ် ဒယ်ကွင်းကျေးရွာ၌ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သော KSTM Group ကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၈ ဒသမ ၃၄ သန်းဖြင့် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# စလင်းမြို့နယ် ဘိုကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**စလင်း ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဇီးဖြူပင်ကျေးရွာအုပ်စု ဘိုကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက ဘိုကုန်းကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်း၊ အတိုးပေးဆပ်ရမည့်ကာလများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၂ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဘိုကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၂၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းမိုး**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၈၆)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်က ခေါင်းငုံ့ပြီး စာရေး၊ ပုံဆွဲရတဲ့အလုပ်လုပ်ရတဲ့ အင်ဂျင်နီယာငယ်တစ်ယောက် ဖြစ်ပါတယ်။ ဖက်ကြောတက်လို့ဆိုပြီး ဆံပင်ညှပ်ဆိုင်က ဆံပင်ညှပ်ပြီး ခေါင်းကိုနှိပ်လိုက်တာ အုံးလွဲသလိုဖြစ်နေပါတယ်။ ရေကိုလက်ခုပ်နဲ့ယူပြီး ဖက်ပိုးကိုရိုက်ပေးဆိုလို့ ရိုက်ပေးတာလဲ မသက်သာပါဘူးခင်ဗျာ။ ဘယ်လိုလုပ်ရမယ်ဆိုတာ လမ်းညွှန်ပေးစေလိုပါတယ်။**

ဖြေ ။ ။ ဇက်ကြောတက်တာကို နှိပ်လိုက်တာ အခန့်မသင့်လို့ လက်ပြင်ကြောထိရောင်သွားတယ်ထင်ပါတယ်။ ခဏအနားယူပါ။ ခေါင်းငုံ့အလုပ်လုပ်သူ၊ စာရေး၊ စာဖတ်များသူတွေမှာ ဇက်ခိုင်တောင့်တင်းတဲ့ရောဂါဖြစ်တတ်ပါတယ်။ အနှိပ်မခံရပါဘူး။ နှိပ်မှာစိုးလို့ ရှေးလူကြီးတွေက မျက်နှာသစ်ရင် ရေကိုလက်ခုပ်နဲ့ယူပြီး ဇက်ပိုးကိုရိုက်ပေးရင် ဇက်ကြောတက်သက်သာတယ်လို့ ဆိုကြပါတယ်။ ဇက်ခိုင်တောင့်တင်းတဲ့ရောဂါအတွက် အောက်ပါနည်းလမ်းတွေကို အသုံးပြုပေးပါ။

၁။ ပရုတ်ဆီ၊ လေးညှင်းဆီ၊ မင်သော်ဆီတို့ကို ပျားဖယောင်းနဲ့ ရောစပ်ကျိုပြီး ဇက်ကို လိမ်းပေးပါ။

၂။ ဇက်ခိုင်တောင့်တင်းနေရင် ဆားခါးကို ရေနွေးနဲ့ဖျော်ပြီး အဲဒီရေထဲကို မျက်နှာသုတ်ပဝါစိမ်ရေညှစ်ကာ ဇက်ပေါ်တင်ပေးရင် ချက်ချင်းသက်သာစေပါတယ်။

၃။ ဇက်လေးရင် မုန်ညင်းဆီ၊ နှမ်းဆီ တစ်မျိုးမျိုးဖြစ်ဖြစ်၊ ရောစပ်ပြီးဖြစ်ဖြစ် မီးနဲ့နွေး၊ ဇက်ကိုလိမ်းပြီး ဘယ်ညာလှည့်ပေးရင် ဇက်လေးတာကို သက်သာစေနိုင်ပါတယ်။

၄။ ဇက်လှည့်မရ အုံးလွဲရင် မုန်ညင်းဆီကို မီးနဲ့နွေးပြီး ဇက်နဲ့လက်ပြင်မှာလိမ်းပါ။ ကြပ်ထုပ်ရှိရင် ကြပ်ထုပ်ထိုးပေးပါ။ မရှိရင် ဆားကိုပိတ်စနဲ့ထုပ်ပြီး ရေနွေးငွေ့ခံကာ ဆားကြပ်ထုပ်ထိုးပေးပါ။ မနှိပ်ပါနဲ့။ နှိပ်လို့ အခန့်မသင့်ရင် အကြောရောင်နိုင်ပါတယ်။ ကျီးပေါင်းရှိရင် ကျီးပေါင်းနဲ့ အကြောညပ်သွားတတ်တာကို သတိပြုပါ။

၅။ ကလေးငယ်တွေ လက်ပြင်ငုပ်ရင် ကွမ်းရွက်ကို မီးကင်ပြီး ဇက်နဲ့လက်ပြင်မှာ ကပ်ပေးပါ။

၆။ ဇာဒံရွက်ကို မီးကင်ပြီး ဇက်ကြောတင်းတဲ့နေရာမှာ ကပ်ပေးပါ။

၇။ ကြေးငွန်းကို မုန်ညင်းဆီသုတ်မီးကင်ပြီး ဇက်ကြောတက်တဲ့နေရာမှာ ကပ်ပေးပါ။ ကြေးဖလားကိုမီးကင်ပြီး ကပ်ပေးရင်လဲ ရပါတယ်။ (ရှေးနည်း)

၈။ လက်မနဲ့ လက်ညှိုး ခွကြားမှာရှိတဲ့ ကြွက်သားကို ကျန်လက်တစ်ဖက်ရဲ့ လက်ညှိုး၊ လက်မနဲ့ ကိုယ်တိုင်နှိပ်ပေးရင် လက်ကနေ ဇက်ထိသွားတဲ့ အကြောတင်းတာကို သက်သာနိုင်တယ်လို့အနှိပ်ကျမ်းတွေမှာ ဆိုထားပါတယ်။

၉။ ဇက်ကြောတက်တာ၊ အုံးလွဲတာ၊ လက်ပြင်ကပ်တာ၊ ကျီးပေါင်းတက်တာတွေအတွက် အကောင်းဆုံးနည်းက မိဿလင်အခြောက်မှုန့်ကို ပိတ်စနဲ့ နှစ်ထပ်ထုပ်ပြီး လက်သီးဆုပ်လောက်အထုပ်ပြုလုပ်ပါ။ ရေနွေးငွေ့နဲ့ အငွေ့ခံ အပူပေးပြီး ကြပ်ထုပ်ထိုးပေးပါ။ ကြပ်ထုပ်ထိုးတဲ့အခါ အရေပြားအပူမလောင်စေဖို့အတွက် မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီခပ်နွေးနွေးကိုလိမ်းပြီးမှ ခံနိုင်သလောက် ဖိပြီးထိုးပေးပါ။ ကြပ်ထုပ်တစ်ကြိမ်ထိုးရင် မိနစ် ၂၀ ထက် ပိုမထိုးပါနဲ့။ အပူမလောင်စေဖို့သတိထားပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ ဖက်ကျီးပေါင်းရောဂါအတွက် လိမ်းဆေး၊ စားဆေး ရှိပါသလား။ အနှိပ်ခံရမှာကြောက်လို့ပါ။ တစ်ခါအနှိပ်ခံဖူးတာ မသက်သာဘဲ ရုနစ်ရက်လောက် ဖက်ရိုင်သွားဖူးပါတယ်။ ကျီးပေါင်းရောဂါအတွက် ဆေးနည်းကောင်းတွေရှိရင် သိလိုပါတယ်။**



ဆေးဖက်ဝင် သဘော်ရွက်ကို တွေ့ရစဉ်။

ဖြေ ။ ။ ကျီးပေါင်းတက်ရောဂါ အမျိုးမျိုးရှိပါတယ်။ ဇက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်း၊ ဖနောင့်အတက်ထွက်ကျီးပေါင်းဆိုပြီး နေရာဌာနကွဲပြားပါတယ်။ ကျီးပေါင်းတက်ရောဂါကို ကုသရာမှာ လိမ်းဆေး၊ စားဆေးနှစ်မျိုးတည်းနဲ့ မပျောက်ကင်းနိုင်ပါဘူး။ လေ့ကျင့်ခန်းလုပ်တာ၊ အကြောပြင်တာ၊ အနေအထိုင်ဆင်ခြင်တာစတာတွေပါဝင်မှ ကျီးပေါင်းရောဂါက ရေရှည်မှာ တဖြည်းဖြည်းသက်သာပျောက်ကင်းနိုင်ပါတယ်။ ကျီးပေါင်းရောဂါမှန်သမျှ တစ်ပွဲတိုးဆေးတစ်မျိုးတည်းနဲ့၊ တစ်ခါတည်းကုတာနဲ့ ပျောက်ကင်းနိုင်တဲ့ရောဂါမျိုးမဟုတ်ပါဘူး။ ရောင်းတမ်းဆေးတွေ အားကိုးလို့မရသလို အနှိပ်သည်အားကိုးလို့လဲမရပါဘူး။ နည်းမှန်လမ်းမှန် စိတ်ရှည်ရှည်နဲ့ နှစ်ရှည်ကုသဖို့ လိုပါတယ်။ ဇက်ကျီးပေါင်းရောဂါကတော့ ခေါင်းငုံ့အလုပ်လုပ်ရတဲ့သူ၊ စာရေးသူ၊ စာဖတ်သူတွေမှာ အဖြစ်များတာတွေ့ရပါတယ်။ ဇက်ကျီးပေါင်းရောဂါ လတ်တလောသက်သာစေဖို့ အောက်ပါနည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်။

၁။ ကျီးပေါင်းရှိတဲ့ဇက်ပိုးမှာ သဘော်ရွက်အနုကို ပျော့အောင်ရေနွေးစိမ် ဒါမှမဟုတ် မီးကင်ပြီးကပ်ပေးပါ။

၂။ ဇက်ကျီးပေါင်းရောဂါကြောင့် လက်ပြင်ငုပ်ပြီး လက်တစ်လျှောက်ကျဉ်ရင် တောရှောက်မြစ်၊ ဝံအူမြစ်၊ ထင်းရှူးဆီတို့ကို သွေးလိမ်းပေးပါ။

၃။ ကျီးပေါင်းရှိတဲ့ ဇက်ပိုးမှာ အရိုးအဖုထွက်နေရင် မုန်ညင်းဆီလိမ်းပြီး ရဲယိုရွက်ကို မီးကင်ပြီးတော့ ကပ်ပေးပါ။

၄။ ကျီးပေါင်းတက်ခေါင်းကိုက်ရင် ချင်းခြောက်အမှုန့် နှစ်ဆ၊ လင်းနေမြစ်အမှုန့် တစ်ဆရောစပ်ပြီး ရေနွေးပူပူနဲ့ဖျော်လိမ်းပေးရင် အကိုက်သက်သာစေပါတယ်။

၅။ ကျီးပေါင်းကြောင့် ဇက်ကြောတက်ရင် နနွင်းမှုန့်၊ သက်ရင်းကြီးအမြစ်မှုန့်၊ နလင်ကျော်အခေါက်မှုန့်တို့ကို မီးကျီးခဲပေါ်ဖြူးပြီး မှိုင်းရှူပေးရင် သက်သာစေနိုင်ပါတယ်။

၆။ ပရုတ်ဆီ ဒါမှမဟုတ် ပရုတ်ခဲကို ကြွေပန်းကန်မှာထည့်ပြီး ရေနွေးပူပူလောင်းထည့်ကာ အငွေ့ကိုရှူရှိုက်ပေးရင်လဲ ကျီးပေါင်းမူးသက်သာစေပါတယ်။

၇။ ကျီးပေါင်းရှိတဲ့နေရာနဲ့ဇက်၊ လက်ပြင်တစ်ဝိုက် တင်းပြီးကိုက်ခဲနေရင် သံပရာသီးကို အလုံးလိုက်မီးကင်ပြီး ဇက်နဲ့ လက်ပြင်မှာ လှိမ့်ပေးပါ။

၈။ ကိုယ်ရံကြီးဂမုန်းကို ပျော့အောင်မီးကင်၊ နှမ်းဆီသုတ်ပြီး ဇက်နဲ့ လက်ပြင်မှာ ကပ်ပေးပါ။

၉။ ဆားခါးကို လက်သီးဆုပ်လောက် အထုပ်ပြုလုပ်ပြီး ကျီးပေါင်းရှိတဲ့နေရာကို ဖိထိုးပေးပါ။

၁၀။ ချင်းတက်ကိုပါးပါးလှီးပြီး လက်ပြင်နဲ့ ဇက်အရင်း အကြောတင်းတဲ့ နေရာတွေမှာကပ်ထားပါ။ တစ်နာရီလောက်ကပ်ထားရင် ချင်းက အရောင်ပြောင်းသွားပြီး အလိုအလျောက်ကွာကျသွားပါလိမ့်မယ်။

၁၁။ မိဿလင်ဥအစိုကိုထုခြေပြီး ကျီးပေါင်းအဖုရှိတဲ့နေရာမှာ အုံပေးရင် ကျီးပေါင်းကိုက်တာကို သက်သာစေပါတယ်။

၁၂။ ကျီးပေါင်းကြောင့် လက်ပြင်ငုပ်ရင် ဒါမှမဟုတ် ဇက်ခေါက်အိပ်မိပြီး လက်ပြင်ငုပ်ရင် (ကျေးလက်နည်း) အုတ်နီခဲကို မီးဖုတ်ပါ။ ရဲလာရင် ရေအေးမှာနှစ်ရင် အငွေ့ထွက်လာပါလိမ့်မယ်။ အဲဒီအငွေ့ကို လက်ပြင်ငုပ်တဲ့ နေရာအနီးတစ်ဝိုက်မှာ အငွေ့ခံပေးပါ။ လက်ပြင်ငုပ်ရောဂါကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

၁၃။ အာလူးအစိမ်းကို ရေမဆေးဘဲ အကွင်းလိုက်ပါးပါးလှီးပြီး ဇက်နဲ့ လက်ပြင်တစ်ဝိုက်မှာ ကပ်ပေးရင် အကြောတက်တာ၊ ကိုက်ခဲတာ၊ လက်ပြင်ငုပ်တာတွေကို သက်သာစေနိုင်ပါတယ်။

၁၄။ ဇက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်းတွေရှိပြီး ညောင်းညာကိုက်ခဲရင် တမာရွက်၊ ကြောင်ပန်းရွက်၊ ကုလားကုက္ကိုရွက်ပြုတ်ရည်တွေနဲ့စိမ်ပေးတာ၊ အငွေ့ခံတာ၊ ရေချိုးပေးတာတွေပြုလုပ်ပေးရင်လဲ သက်သာစေနိုင်ပါတယ်။

၁၅။ ပူပြီးကိုက်တဲ့ အကြောတက်ရောဂါဖြစ်ရင် ဒါမှမဟုတ် ရာသီဥတုပူပြင်းချိန်မှာ ဇက်ကြောတက်၊ အကြောကိုက်၊ အကြောတင်းရောဂါဖြစ်ရင် တောင်တန်ကြီး၊ တောင်တန်ကတိုး၊ နံ့သာဖြူတို့ကို ရောသွေးပြီးလိမ်းပေးရင် ပူပြီးကိုက်ခဲတဲ့ အကြောရောဂါတွေ၊ ဇက်ကြောတက်တာတွေ သက်သာစေနိုင်ပါတယ်။

၁၆။ အလွန်အမင်းဇက်ကြောတက်၊ ကျီးပေါင်းတက်ရောဂါဖြစ်ရင်၊ ရာသီဥတုအေးပြီး ကိုက်ခဲရင် ဆေးအိုးပုတ်ပင်အမြစ်ကိုသွေးပြီး ချင်းပြုတ်ရည်နဲ့ရောသောက်ရင် ကိုက်ခဲတာကို သက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် ရာသီဥတုအကူးအပြောင်း ဥတုပျက်ချိန်တွေမှာ ဖြစ်လေ့ရှိတဲ့ တုပ်ကွေးရောဂါအတွက် ကြိုတင်ကာကွယ်နိုင်တဲ့ဆေးနည်းတွေ ရှိပါသလားရှင့်။**

ဖြေ ။ ။ ဥတုဖျား၊ ရာသီကူးဖျား၊ တုပ်ကွေးဖျားအားလုံးဟာ ရက်ပိုင်းမျှသာ ဖြစ်လေ့ရှိတဲ့ အဖျားမျိုးဖြစ်ပြီး အညောင်းအကိုက်နဲ့ တွဲပြီးဖြစ်လေ့ရှိပါတယ်။ ကာကွယ်ဖို့အတွက် အောက်ပါနည်းလမ်းတွေကို အသုံးပြုပါ။

၁။ ကွမ်းရွက်၊ ချင်း၊ ထန်းလျက်ပြုတ်ရည်မှာ ဆားလှော်အနည်းငယ်ထည့်သောက် ချွေးအောင်းပေးပါ။

၂။ ရှမ်းဆေးခါးပင် (အစို၊ အခြောက်)ကို ထန်းလျက်နဲ့ ကျိုသောက်ပါ။

၃။ ချင်းခြောက်အမှုန့်၊ ကွမ်းရွက်ခြောက်၊ ကျပ်ခိုး သုံးမျိုးပြုတ်ရည်မှာ ဆားလှော် အနည်းငယ်ထည့် ပူပူသောက်ပြီး ချွေးအောင်းပေးပါ။

၄။ စမုန်စပါးရွက်ကို ဘဲဥနဲ့ ရောကြော်စားရင် တုပ်ကွေးဖျား၊ ညောင်းကိုက်ရောဂါတွေ ကြိုတင်ကာကွယ်နိုင်တယ်လို့ ဆိုထားပါတယ်။

၅။ ဖျားချင်သလိုလိုဖြစ်လာရင် ဆူးပန်းရွက်၊ ပူဒီနာရွက်အစိမ်းတို့ကို အရည်ညှစ်ဆားလှော်အနည်းငယ်ခတ်သောက်ပါ။

၆။ ဒန့်သလွန်ရွက်ကို သန့်စင်အောင်ရေဆေးပြီး အရည်ညှစ်ယူ မျက်စဉ်းခတ်ပေးရင် တုပ်ကွေးဖျားတာကနေ ကြိုတင်ကာကွယ်နိုင်တယ်လို့ ဆိုထားပါတယ်။

၇။ ရှောက်သီးကို အမွှာတွေဖဲ့ယူပြီး ရေစိမ်ထားပါ။ အချဉ်၊ အခါးလျော့သွားတဲ့အခါ ပုစွန်ငါးပိမီးဖုတ်၊ မိုးမျှော်ငရုတ်သီးစိမ်းတောင့်တို့နဲ့ ပုစွန်ခြောက်မှုန့်အနည်းငယ်ရောသုပ်စားရင် အခိုးပွင့်ပြီး ဥတုဖျားတွေကနေ ကာကွယ်နိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၀၈၈ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၀၈၈ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၀၇၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ဒီနှစ် စားဖိုဆောင်သီးနှံ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ စားဖိုဆောင်သီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

စားဖိုဆောင်သီးနှံခရိုင်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၄၄ ဧက၊ အခြားဟင်းမွှေးဧက ၅၃၀၊ တမူးခရိုင်တွင် အခြားဟင်းမွှေး ၂၇ ဧက၊ ကလေးခရိုင်တွင် အခြားဟင်းမွှေး ၁၃၅ ဧက၊ ခန္တီးခရိုင်တွင် ဧက ၆၈ ဧက၊ အခြားဟင်းမွှေး ၅၆ ဧက၊ ဟုမ္မလင်းခရိုင်တွင် ဧက ၁၂၃ ဧက၊ အခြားဟင်းမွှေး ၁၀၅ ဧက၊ အာလူး ၄၈ ဧက၊ နာဂဒေသတွင် ဧက ၇၇၂ ဧက၊ ကြက်သွန်နီ ၃၃၁ ဧက၊ အခြားဟင်းမွှေး ၈၈၂ ဧက၊ အာလူး ၄၃၄ ဧက၊ မုံရွာခရိုင်တွင် ဧက ၄၇၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ဧက ၂၂၅ ဧက၊ ရွှေဘိုခရိုင်တွင် ဧက ၁၃၁ ဧက၊ ရေဦးခရိုင်တွင် ဧက ၁၁၆ ဧက၊ ကန့်ဘလူခရိုင်တွင် ဧက ၁၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ဧကဧက ၁၄၀၊ ကသာခရိုင်တွင် ဧက ၁၀၁ ဧက၊ အခြားဟင်းမွှေး ၂၆၆ ဧက၊ ကောလင်းခရိုင်တွင် ဧက ၂၁ ဧက၊ အခြားဟင်းမွှေးဧက ၄၀ စုစုပေါင်း ၅၀၈၈ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် စားဖိုဆောင်သီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန် စိုက်ပျိုးနည်းစနစ်များပညာပေးခြင်း၊ GAP စနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းနည်းများပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

# စဉ့်ကူးမြို့နယ် ကျောင်းဆိပ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**စဉ့်ကူး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျောင်းဆိပ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာမှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၅၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာကော်မတီဝင်များက ကျောင်းဆိပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၉ ဦးကို ငွေကျပ်သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချမ်းဦးကို**

# လူငယ်များ၏ စွမ်းပကား

\- ကမ္ဘာမြေ ကောင်းကျိုးတွက်
ဆောင်ရွက်ကြ နေရာစုံ၊
လူငယ်တွေ စွမ်းပကား
အင်အားဖုံဖုံ၊
ချီးမွမ်းဖွဲ့ ပြောမကုန်
စွန့်စားပုံ ဆန်းလှသေး၊
အသက်ကိုပင် မနှေးအပ်လို့
ပေးဆပ်သည်လေး။

\- မြေဖြူကိုင် စာသင်ပေး
ကုသရေး ထူးချွန်စွာ၊
တည်ဆောက်စေ ကာကွယ်ချင့်
ဂုဏ်တင့်ပညာ၊
တရားရေး ဥပဒေလွှာ
အုပ်ချုပ်ရာ တာဝန်များ၊
အဘက်ဘက်တွင် ကိုယ်စီကိုယ်င
ထမ်းကြတကား။

\- ခွဲခြားစေ အမှန်အမှား
အမြင်အကြား သုတရှင်၊
ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
ရိုးသားဂုဏ်အင်၊
ရှေ့ရေးတွက် ကြိုတွေးမြင်
ကြိုးစားမှုတွင် မလျော့စတမ်း၊
လူငယ်တွေ စည်းကမ်းတကျဖြင့်
ဘဝဂုဏ်လွှမ်း။

\- တိုးတက်လာ အဆင့်အတန်း
မျှော်မှန်းသမျှ ပြည့်စုံကြွယ်၊
မြတ်စာပေ ဗဟုသုတ
ရှိကြရာဝယ်၊
မကောင်းမှု မပြုတယ်
ရှောင်ကြဉ်ဖွယ် ဘဝတွက်၊
မူးယစ်စွယ် လောင်းကစား
ရှောင်ရှားကာ ပညာဖွေတော့
လူငယ်တွေ ဂုဏ်သတင်းက
ပျံ့သင်းဘဝ်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

(ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်၏ဝင်ရိုးဗဟိုပြု မွတ်မွတ်လည်နှုန်း ပိုမိုမြန်ဆန်လာမှုကြောင့် အင်္ဂါဂြိုဟ်တစ်နေ့တာအချိန် ပို၍တိုတောင်းလာ



**ဘာရပ်ဆဲလ် ဩဂုတ် ၁၁**

အင်္ဂါဂြိုဟ်၏ ဝင်ရိုးဗဟိုပြု မွတ်မွတ်လည်နှုန်း ပိုမိုမြန်ဆန်လာမှုကြောင့် အင်္ဂါဂြိုဟ်တစ်နေ့တာ အချိန်မှာ ပို၍တိုတောင်းလာကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စေလွှတ်ထားသည့် Insights ဂြိုဟ်ဆင်းယာဉ်မှရရှိထားသော အချက်အလက်များအရ အင်္ဂါဂြိုဟ်၏ ဝင်ရိုးဗဟိုပြု မွတ်မွတ်လည်နှုန်းမှာ ယခင်ကထက်ပို၍ မြန်ဆန်လာကြောင်း သိရသည်။

ထိုသို့ အင်္ဂါဂြိုဟ်၏ ဝင်ရိုးဗဟိုပြုမွတ်မွတ်လည်နှုန်း မြန်ဆန်လာမှုနှင့်အတူ အင်္ဂါဂြိုဟ်၏တစ်နေ့တာကာလမှာ နှစ်စဉ် တစ်မီလီစက္ကန့်၏ လေးပုံသုံးပုံမျှ ပို၍တိုတောင်းလာကြောင်း ဘယ်လ်ဂျီယန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်တစ်နေ့တာကာလသည် သာမန်အားဖြင့် ၂၄ နာရီနှင့် ၃၇ မိနစ် ရှည်လျားသည်။

အင်္ဂါဂြိုဟ်တစ်နေ့တာကာလကို မီလီစက္ကန့်၏ အစိတ်အပိုင်းအဆင့် တိကျမှုမျိုးဖြင့် တိုင်းတာကြည့်ချိန်တွင် အင်္ဂါဂြိုဟ်၏ဝင်ရိုးဗဟိုပြု မွတ်မွတ်လည်နှုန်း ပိုမြန်လာသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်၏ဝင်ရိုးဗဟိုပြု မွတ်မွတ်လည်နှုန်း အဘယ်ကြောင့် မြန်ဆန်လာရသည်ကို သိပ္ပံပညာရှင်များအနေဖြင့် ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။KKO

## ရုရှားအာကာသအေဂျင်စီက လူနာ-၂၅ လဆင်းယာဉ်မစ်ရှင်ကို ဩဂုတ် ၁၀ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့

**မော်စကို ဩဂုတ် ၁၁**

ရုရှားအာကာသ အေဂျင်စီသည် လူနာ-၂၅ လဆင်းယာဉ် မစ်ရှင်ကို ဩဂုတ် ၁၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

လူနာ-၂၅ လဆင်းယာဉ်အား သယ်ဆောင်ထားသည့် ဆိုယုဇ် ၂ ဒသမ ၁ ဘီ ဒုံးပျံကို ရုရှားအရှေ့ဖျားဒေသ ဗောစတော့ချ်နီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူနာ-၂၅ လဆင်းယာဉ်သည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်း ရုရှားနိုင်ငံက လွှတ်တင်ခဲ့သော ပထမဆုံးလဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

ဆိုဗီယက်ပြည်ထောင်စုသည် ၎င်း၏ နောက်ဆုံးလဆင်းယာဉ်ဖြစ်သည့် လူနာ-၂၄ ကို ၁၉၇၆ ခုနှစ်တွင် လွှတ်တင်ခဲ့ရာ ၎င်းလဆင်းယာဉ်သည် လကမ္ဘာမြေစာနမူနာ ဂရမ် ၁၇၀ ကို ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ပေးပို့နိုင်ခဲ့သည်။



လွှတ်တင်ပြီးနောက် လူနာ-၂၅ လဆင်းယာဉ်သည် လဆီသို့ငါးရက်ကြာအချိန်ယူ ပျံသန်းမည်ဖြစ်ပြီး လပတ်လမ်းအတွင်း ဝင်ရောက်ပြီးချိန်တွင် လကို ငါးရက်မှခုနစ်ရက်ထိ ဆက်လက်လှည့်ပတ်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် လူနာ-၂၅ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းရှိ ဘိုဂူစလောစကီးဥက္ကာချိုင့်ဝှမ်းနယ်မြေပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

လပေါ်သို့ ဆင်းသက်ပြီးချိန်တွင် လူနာ-၂၅ လဆင်းယာဉ်သည် တောင်ဝင်ရိုးစွန်းဒေသ၌ ရေဓာတ်ရှိ၊မရှိကို လေ့လာစူးစမ်းမည်ဖြစ်ကြောင်း သိရသည်။

KKO

## Space-X အာကာသနည်းပညာကုမ္ပဏီက ဩဂုတ် ၁၁ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို ထပ်မံလွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ယနေ့တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို ထပ်မံလွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

စတားလင့်ခ်ဂြိုဟ်တုများသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လက်ရှိအချိန်တွင် ဂြိုဟ်တုအစင်းပေါင်း ၅၀၀၀ ခန့် လွှတ်တင်ထားပြီး ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီအနေဖြင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၁၂၀၀၀ ထိလွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

KKO

# HEALTH

## စိတ်ကျန်းမာရေးပြဿနာများက ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်မှုမရှိ

**အမ်စတာဒမ် ဩဂုတ် ၁၁**

စိတ်ကျဝေဒနာ၊ စိုးရိမ်သောကဝင်ရောက်မှု စသည့်စိတ်ကျန်းမာရေးပြဿနာများသည် ကင်ဆာရောဂါအများစုဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

နယ်သာလန်နိုင်ငံ ဂရိုနင်ဂျာဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် စိတ်ကျန်းမာရေးပြဿနာများနှင့် ကင်ဆာရောဂါများကြား ဆက်စပ်မှုရှိ၊မရှိဖော်ထုတ်ရန် အရွယ်ရောက်သူပေါင်း ၃၀၀၀၀၀ ကျော်ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှထွက်ပေါ်လာသည့်ရလဒ်များအရ စိတ်ကျဝေဒနာသည်လည်းကောင်း၊ စိုးရိမ်သောကဝင်ရောက်မှုသည်လည်းကောင်း ကင်ဆာရောဂါများ ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်မှုမရှိသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကျဝေဒနာကဲ့သို့ စိတ်ကျန်းမာရေးပြဿနာ ရှိနေသူများတွင် ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားနေတတ်သည်ဟု ရှေးယခင်က လက်ခံယုံကြည်ထားခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ စိတ်ကျန်းမာရေးပြဿနာများသည် ကင်ဆာရောဂါအများစု ဖြစ်နိုင်ခြေမြင့်မားမှုနှင့် ဆက်စပ်မှုမရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## အချိုရည်တစ်ရက်တစ်ဘူး သောက်သူအမျိုးသမီးများ အသည်းကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဩဂုတ် ၁၁**

သကြားဓာတ်ကဲသည့် အချိုရည်များကို တစ်ရက်တစ်ဘူး သောက်သူ အမျိုးသမီးများ အသည်းကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၅၀ နှင့်အထက် အမေရိကန် အမျိုးသမီး ၁၀၀၀၀၀ ခန့်ကို အချိန်ယူလေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ တစ်ရက်လျှင် သကြားဓာတ်ကဲ အချိုရည်တစ်ဘူးနှင့် တစ်ဘူးအထက် သောက်သုံးသူများကို သီတင်းတစ်ပတ်လျှင် တစ်ဘူးမျှသာ သောက်သူများနှင့် နှိုင်းယှဉ်ပါက အသည်းကင်ဆာဖြစ်နိုင်ခြေ ၈၅ ရာခိုင်နှုန်းထိ ပိုများနေတတ်ကြောင်း သိရသည်။

ထို့ပြင် သကြားဓာတ်ကဲအချိုရည်ကို နေ့စဉ်သောက်သုံးသူ အမျိုးသမီးများသည် တစ်လလျှင် သုံးဘူးမျှသာ သောက်သုံးသူများနှင့်နှိုင်းယှဉ်ပါက အသည်းကင်ဆာကြောင့် အသက်ဆုံးပါးနိုင်ခြေ ၆၈ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သကြားဓာတ်ကဲ အချိုရည်များကြောင့် ကယ်လိုရီမြင့်တက်လာပြီး ကင်ဆာရောဂါများနှင့် အသည်းရောဂါများကို ရောဂါနောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်သည့် အဝလွန်မှုပြဿနာ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါအချိုရည်များကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ပြီး အရက်သောက်သုံးမှုနှင့်မသက်ဆိုင်သည့် အသည်းအဆီဖုံးရောဂါ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဝက်စ်ဟမ်းအသင်းက ကွင်းလယ်ကစားသမား ဝက်ပရောက်စ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၁၁**

ဝက်စ်ဟမ်း အသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား ဝက်ပရောက်စ်ကို ခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ၂၀၂၇ ခုနှစ်ထိ လေးနှစ်စာချုပ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်း Team-talk. com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို အာဆင်နယ်အသင်းသို့ စတာလင်ပေါင် ၁၀၅ သန်းဖြင့် ရောင်းချခဲ့သဖြင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ချဲလ်ဆီးအသင်း ကစားသမား ဂယ်လာဟာကို စတာလင်ပေါင် သန်း ၃၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ပယ်ချခံခဲ့ရသည့်အပြင် ဖူလ်ဟမ်အသင်း ကစားသမား ပေါ်ဟင်ဟာကို စတာလင်ပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းမှု ပြုလုပ်ခဲ့သော်လည်း ထပ်မံပယ်ချခံခဲ့ရသည်။

နည်းပြမိုယက်သည် ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်မတိုင်မီ ကွင်းလယ်ပိုင်း လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မန်ယူအသင်း ကစားသမား တွန်မီနေးကို စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မန်ယူအသင်းက စတာလင်ပေါင် သန်း ၄၀ ထိ အလိုရှိနေကာ အသင်းတာဝန်ရှိသူများက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ သာ အသုံးပြုရန် ဆုံးဖြတ်ထားသဖြင့် ဆောက်သမ်တန်အသင်းခေါင်းဆောင် ဝက်ပရောက်စ်ကို စတာလင်ပေါင်သန်း ၃၀ ဖြင့်ကမ်းလှမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အသက် ၂၈ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ဆေးစစ်မှုခံယူရန် လန်ဒန်မြို့သို့ရောက်ရှိနေပြီး ဆေးစစ်မှုအောင်မြင်ပါက ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး လာမည့်နာရီပိုင်းအတွင်း တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ ML




### အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းက ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား ကာစီဒိုကို စတာလင်ပေါင် သန်း ၁၁၀ ဖြင့်ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သဖြင့် ကစားသမားအနေဖြင့် ဆေးစစ်မှုခံယူရန် လီဗာပူးမြို့သို့ရောက်ရှိနေကြောင်း သိရသည်။
- စပါးအသင်းက တိုက်စစ်မှူး ဟယ်ရီကိန်းကိုခေါ်ယူရန် ယူရို သန်း ၁၀၀ ကျော်ဖြင့်ကမ်းလှမ်းမှုကို လက်ခံခဲ့သောကြောင့် ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆေးစစ်မှုခံယူရန် ပြုလုပ်နေကြောင်း သိရသည်။
- ဘင်ဖီကာအသင်းက ဗီအိုရင်တီးနားအသင်း တိုက်စစ်မှူး ကာဘရယ်ကို ပြောင်းရွှေ့ကြေးယူရိုသန်း ၂၀ ဖြင့်ခေါ်ယူခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။
- ဘုန်းမောက်အသင်းက နော့ဝှစ်အသင်းမှ မက်အာရွှန်ကို ယူရို ၈ ဒသမ ၁ သန်းဖြင့်လည်းကောင်း၊ ဘရစ္စတိုးအသင်းမှ စကော့ကို ယူရို ၂၅ သန်းဖြင့်လည်းကောင်း ကစားသမား နှစ်ဦးခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

## ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်ဖူဆယ်အသင်းကို မြန်မာဖူဆယ်အသင်းက ငါးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်



**ရန်ကုန် ဩဂုတ် ၁၁**

ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ချက်အသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ငါးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲစဉ်နှင့်လွဲချော်ကာ တတိယလုပွဲသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ အိမ်ရှင်ထိုင်းအသင်းနှင့်ဆော်လမွန်ကျွန်းစုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များကစားခဲ့ရာတွင် ထိုင်းအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဆော်လမွန်ကျွန်းစု အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းဖိတ်ခေါ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် မြန်မာအသင်းသည် အုပ်စု(ခ)မှ အုပ်စုပထမဖြင့် တက်ရောက်လာခဲ့သည့် ချက်အသင်းနှင့် ကစားခဲ့ရာတွင် ချက်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့် ချက်အသင်း၏ တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရကာ ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ချက်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် တတိယလုပွဲစဉ်အဖြစ် အိမ်ရှင်ထိုင်းအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့အနက် ရှုံးနိမ့်သည့်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

## FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျော်ဒန်စပိုက် ဦးဆောင်

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ် မမ်ဖစ်မြို့တွင် ကျင်းပနေသည့် FedEx St Jude Cham-pionship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စပိုက်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Belfast Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမားတွမ်ကင်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါနှင့် အာဂျင်တီးနား ဂေါက်သီးရိုက်ကစားသမား ဂရီလိုတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဂျော်ဒန်စပိုက်က "ပုံစံကောင်းရဖို့အတွက် ကြိုးစားနေရတာအချိန်တော်တော်လေးကြာခဲ့ပါပြီ။ ပြီးခဲ့တဲ့ British Open မှာတုန်းကတော့ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ အောင်မြင်မှုမရခဲ့ပေမဲ့လဲ ပုံစံကောင်းရခဲ့လို့ စိတ်ဓာတ်ပိုင်းဆိုင်ရာ အပေါင်းလက္ခဏာ ဆောင်ခဲ့ပါတယ်။ အခုဒီပြိုင်ပွဲမှာလဲ ပုံစံကောင်းပြသနိုင်ခဲ့သလို အမှားအယွင်းအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့ပါတယ်။ ပထမနေ့ကတော့ လိုချင်တဲ့ရလဒ်တွေ ရခဲ့တယ်။ နောက်နေ့တွေမှာ ဘာတွေဖြစ်လာမလဲဆိုတာတော့ မသိရသေးပေမဲ့လဲ အကောင်းဆုံးကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် စပိန်အသင်းက နယ်သာလန်အသင်းကိုအနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်

**ဝယ်လင်တန် ဩဂုတ် ၁၁**

အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်ပွဲစဉ်အဖြစ် စပိန်အမျိုးသမီးအသင်းနှင့် နယ်သာလန်အမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက အချိန်ပိုသွင်းဂိုးဖြင့်အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

၁၆ သင်းရှုံးထွက်အဆင့်တွင် စပိန်အသင်းသည် ပွတဲလက်စ်ကို အရန်စာရင်းတွင် ထည့်သွင်း၍ ဘွန်မာတီ၊ ဂွန်ဇာလက်၊ ဟာမိုဆိုတို့နှင့်ပွဲထွက်လာခဲ့ပြီး နယ်သာလန်အသင်းက မားတန့်စ်၊ ဘီရန့်စတင်းတို့ဦးဆောင်ကာ စပိန်အသင်းကို ယှဉ်ပြိုင်ခဲ့သော်လည်း ပွဲစကတည်းက စပိန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးနိုင်ခဲ့ကာ ပွဲချိန် ၃၇ မိနစ်တွင် ဂွန်ဇာလက် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း လူကျွံအနေအထားကြောင့် VAR ဖြင့် ပယ်ဖျက်ခံခဲ့ရပြီး ဂိုးမရှိသရေ ရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဘောလုံးပိုင်ဆိုင်မှုအသားပေးကစားနေသော်လည်း ပွဲချိန် ၆၂ မိနစ်အရောက်တွင် နယ်သာလန်အသင်းက တန်ပြန်တိုက်စစ်မှ ဖိအားပေးထိုးဖောက်ခဲ့ရာ စပိန်ခံစစ်ကစားသမား ကြမ်းတမ်းစွာဖြတ်ထုတ်မှုကြောင့် ပင်နယ်တီရရှိမည့် အခွင့်အရေးရှိခဲ့သော်လည်း VAR ဖြင့်ပယ်ဖျက်ခဲ့သဖြင့် စပိန်အသင်း သက်သာရရခဲ့သည်။

ပွဲချိန် ၈၁ မိနစ်တွင် စပိန်အသင်းက ကာဒန်တေက ပင်နယ်တီမှ ဦးဆောင်ဂိုး သွင်းယူခဲ့သဖြင့် နယ်သာလန်အသင်းက ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးစားခဲ့ရာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်ချိန်ပို တစ်မိနစ်အရောက်တွင် ဗန်ဒါဂရက်က ချေပဂိုးပြန်လည်သွင်းယူခဲ့သောကြောင့် သရေရလဒ်ဖြင့်ပွဲပြီးဆုံးခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။



အချိန်ပိုတွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ခဲ့ပြီး စပိန်အသင်းက ပွတဲလက်စ်ကိုထည့်သွင်းခဲ့သော်လည်း နယ်သာလန်အသင်းက ခံစစ်ကစားသမား ဗန်ဒါဂရက်ကိုလူစားလဲခဲ့သဖြင့် ခံစစ်ကစားပုံကျဆင်းသွားခဲ့ရာ ပွဲချိန် ၁၁၁ မိနစ်တွင် စပိန်တိုက်စစ်မှူးပယ်ရယ်လူလိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် စပိန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ML

# ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၁**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ အင်းလျားကန်တွင် ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ မီတာ ၅၀၀ (၇)တက်လှော် အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရ မန္တလေးတိုင်း ဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးကလည်းကောင်း၊ မီတာ ၅၀၀ (၇) တက်လှော် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ကရင်ပြည်နယ်အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးချုပ် မျိုးမင်းထိုက်ကလည်းကောင်း၊ မီတာ ၅၀၀ (၁၀)တက်လှော် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မီတာ ၅၀၀ (၁၀)တက်လှော် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ မီတာ ၅၀၀ (၁၀)တက်လှော် အမျိုးသား၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရအသင်းများကို ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးကလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းကိုတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုနှင့်စုပေါင်းတံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

STA

# မန်ယူအသင်းက ဖရက်ဒ်ကို ဖီနာဘာချီအသင်းထံ ရောင်းချပြီး အမ်မရာဘတ်ကို ခေါ်ယူရန်ပြင်ဆင်

**မန်ချက်စတာ ဩဂုတ် ၁၁**

မန်ယူအသင်းက ကွင်းလယ်ကစားသမားဖရက်ဒ်ကို ဖီနာဘာချီအသင်းထံရောင်းချရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ဖီအိုရင်တီးနားအသင်းမှ ကွင်းလယ်ကစားသမား အမ်မရာဘတ်ကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ ဖရက်ဒ်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ရှက်တာဒိုးနက်စ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အစောပိုင်းနှစ်များက အဓိကကွင်းလယ်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းကို နည်းပြတန်ဟတ်တာဝန်ယူ ကိုင်တွယ်ခဲ့ချိန်မှစ၍ ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသူဖြစ်သည်။

ဖရက်ဒ်သည် နည်းပြတန်ဟတ်၏ ကစားကွက်နှင့်အံဝင်သည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလအစောပိုင်းကတည်းက အရောင်းစာရင်းတင်သွင်းထားပြီး လက်ရှိတွင် ဖီနာဘာချီအသင်းက ပြောင်းရွှေ့ကြေးယူရို ၁၀ သန်းအပြင် အပိုဆုကြေးငါးသန်း စုစုပေါင်း ၁၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အမ်မရာဘတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဖီအိုရင်တီးနားအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည်အပြင် ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း မော်ရိုကိုအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသ နိုင်ခဲ့သည့်အတွက် နည်းပြတန်ဟတ်က အသင်းကွင်းလယ်ပိုင်းအတွက် ခေါ်ယူလိုခြင်းဖြစ်ကြောင်း သိရသည်။

STA

# National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ အယ်ကာရက်ဇ် တက်ရောက်၊ အင်ဒီမာရေး ဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက်



**တိုရွန်တို ဩဂုတ် ၁၁**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင်ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ပိုလန်တင်းနစ်ကစားသမားဟာကက်ဇ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၃-၆၊ ၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း NIE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ် အနေဖြင့် ဟာကက်ဇ်ကို အနိုင်ရရှိခဲ့သည့်အတွက် ၁၄ ပွဲဆက် အနိုင်ရရှိထားသည့် စံချိန်မှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

အယ်ကာရက်ဇ်က "ဒီပွဲစဉ်ကို ကျွန်တော်ဘယ်လို နိုင်သွားမှန်းတောင်မသိလိုက်ဘူး။ ကစားရတာခက်တော့ ဖိအားဒဏ်လဲ တော်တော်ခံရတယ်။ ဟာကက်ဇ်ဟာ ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်သလိုဒီပွဲစဉ်မှာလဲ အနိုင်ရလဒ်နဲ့ ထိုက်တန်တဲ့ လက်စွမ်းမျိုးပြခဲ့တယ်။ ပထမပွဲငယ်မှာ ပြတ်သားတဲ့ရလဒ်နဲ့ ရှုံးနိမ့်သွားခဲ့တော့ စိတ်ဓာတ် တော်တော်လေး ကျသွားတယ်။ ဒါပေမဲ့ နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်သွားဖို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးပြီးတော့ ရေကုန်ရေခမ်းကစားဖို့လဲ ဆုံးဖြတ်ခဲ့တယ်။ ဒီလိုခက်ခဲတဲ့ပြိုင်ပွဲမျိုးမှာ အနိုင်ရဖို့ဆိုရင် ကိုယ်ရိုက်လိုက်တဲ့ရိုက်ချက်ကကိုယ့်ခံစားချက်နဲ့ တစ်ထပ်တည်း ဖြစ်နေဖို့လိုတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် ဗြိတိန်တင်းနစ်ကစားသမားအင်ဒီမာရေးသည် တတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမားဂျန်နစ်ဆင်နာနှင့် ကစားရမည်ဖြစ်သော်လည်း ဒဏ်ရာရရှိနေသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့သဖြင့် ဂျန်နစ်ဆင်နာက ကွာတားဖိုင်နယ်အဆင့်ကို အလိုအလျောက် တက်ရောက်သွားကြောင်း သိရသည်။

AZL

# ခံစစ်ကစားသမား မာဆယ်လိုကို CONMEBOL အဖွဲ့ချုပ်က သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်

**ရီယိုဒီဂျနေးယိုး ဩဂုတ် ၁၁**

ပြီးခဲ့သည့် ဩဂုတ် ၂ ရက်က ကစားခဲ့သည့် ကိုပါလီဘာတာဒိုရက်စ်ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်တွင် အာဂျင်တီးနားကလပ် အာဂျင်တီနိုစ်ဂျူနီယာအသင်းနှင့် ဘရာဇီးကလပ် ဖလူမင်နန်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ဖလူမင်နန်စီကစားသမား မာဆယ်လိုသည် ဥပဒေပြင်ပမှ ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် CONMEBOL အဖွဲ့ချုပ်က သုံးပွဲပယ်ပြစ်ဒဏ်နှင့် ဒေါ်လာ ၅၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဂျင်တီးနိုစ်ဂျူနီယာအသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နေချိန်တွင် ပွဲကစားချိန် ၅၈ မိနစ်အရောက်တွင် ခံစစ်ကစားသမား မာဆယ်လိုက ပြိုင်ဘက်ကစားသမား ဆန်းချက်ဇ်ကိုကျော်ဖြတ်၍ ဘောလုံးရယူရန် ကြိုးစားခဲ့ရာ ဆန်းချက်ဇ်၏ ခြေထောက်ကို တက်နင်းခဲ့သဖြင့် အရိုးကျိုးဒဏ်ရာရရှိခဲ့သောကြောင့် ကွင်းလယ်ဒိုင်က မာဆယ်လိုကို တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ထို့နောက် CONMEBOL အဖွဲ့ချုပ်က ဖြစ်စဉ်ကိုစုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မာဆယ်လိုအနေဖြင့် ရည်ရွယ်ချက်ရှိရှိပြစ်ဒဏ်ကျူးလွန်ခြင်းမဟုတ်သော်လည်း ဥပဒေပြင်ပမှ ကြမ်းတမ်းစွာကစားခဲ့သည်ဟုမှတ်ချက်ပြုခဲ့ပြီး သုံးပွဲပယ်ပြစ်ဒဏ်နှင့် ငွေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား မာဆယ်လိုသည် ပွဲပယ်ပြစ်ဒဏ်ကြောင့် ဩဂုတ် ၉ ရက်က ကစားခဲ့သည့် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကိုလွဲချော်ခဲ့သော်လည်း ဖလူမင်နန်စီအသင်းအနေဖြင့် အာဂျင်တီးနိုစ်ဂျူနီယာအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML



# ပီအက်စ်ဂျီအသင်းက ပူးပေါင်းခွင့်မပေးသော်လည်း အမ်ဘက်ပီအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ အသင်း၌ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ထား

**ပဲရစ် ဩဂုတ် ၁၁**

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘက်ပီက အသင်းတွင် ပွဲထွက်ခွင့်မရရှိပါကလည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိနေပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း Lequipe သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘက်ပီနှင့် ပီအက်စ်ဂျီအသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းထားသော်လည်း အမ်ဘက်ပီကငြင်းဆိုထားပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့်သာ အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားသည်။

ပီအက်စ်ဂျီအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း အမ်ဘက်ပီကိုယ်တိုင်က ငြင်းပယ်ခဲ့သည့်အတွက် အသင်းကြီးနှင့် ပူးပေါင်းခွင့်မပေးဘဲ လူငယ်အသင်းနှင့်သာ ပူးပေါင်းစေခဲ့သည်။

အမ်ဘက်ပီကလည်း အသင်းနှင့် ပူးပေါင်းခွင့်မရရှိပါကလည်း တစ်ရာသီလုံးစောင့်ဆိုင်း၍ ရာသီကုန်ဆုံးချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# မိမိအလုပ်ကို ချစ်မြတ်နိုးပါ

သားငွေးလတ်

လူ့ဘောင်လောကတွင် အလုပ်အကိုင်နှင့် ကင်းကွာသူဟူ၍ မရှိပါချေ။ မိမိတို့၏ စားဝတ်နေရေးအတွက် ငွေသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထိုငွေကိုရရှိဖို့ရန်အတွက်ပင် အလုပ်လုပ်နေကြခြင်းဖြစ်သည်။ အလုပ်ဟုဆိုရာ၌ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေကြသူများရှိသကဲ့သို့ ဝန်ထမ်းအလုပ် လုပ်ကိုင်နေကြသူများလည်းရှိသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေကြသူများအနေဖြင့် မိမိလုပ်ငန်းတိုးတက်ရန် အစဉ်တစိုက် ကြိုးစားအားထုတ်တီထွင်ကြံဆနေကြသူများဖြစ်သည်ကို အထူးပြောစရာလိုမည်မထင်ပေ။ ကိုယ်ပိုင်အလုပ်ဖြစ်ခြင်းကြောင့် ကိုယ်တိုင် မြတ်မြတ်နိုးနိုး ကြိုးစားလုပ်ကိုင်ပါမှ အောင်မြင်မှုရရှိမည်ဆိုသည့် အသိစိတ်က ရင်ဝယ်စွဲထင်နေခြင်းကြောင့် အပြိုင်အဆိုင် ကြိုးစားနေကြခြင်းဖြစ်သည်။

ခေတ်နှင့်အညီ အမီလိုက်နိုင်စေရန် မျက်ခြည်ပြတ်မခံဘဲ လျှောက်လှမ်းနေကြသကဲ့သို့ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲနေသည့်လူထု၏ စိတ်ပါဝင်စားမှုကိုလည်း အမြဲမပြတ် အကဲခတ်နေရန် များစွာအရေးကြီးပေသည်။ တစ်ချိန်က ကမ္ဘာ့ထိပ်တန်း မိုဘိုင်းလ်ဖုန်းကုမ္ပဏီကြီးဖြစ်ခဲ့သည့် Nokia သည် ခေတ်ကိုမျက်ကွယ်ပြုခဲ့ခြင်းကြောင့် Smartphone များပေါ်ထွက်လာပြီးနောက် နောက်ကျကျန်ရစ်ခဲ့ကာ ကျရှုံးခန်းသို့ရောက်ခဲ့ရသည်ကို လူတိုင်းအသိပင်ဖြစ်ပေသည်။ ထိုအရာကိုဥပမာယူ၍ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် အဆက်မပြတ် ကြိုးစားနေကြရန်လိုအပ်ပေသည်။ လိုအပ်သည့်အလျောက်လည်း ကြိုးစားနေကြသည်။ ကြိုးစားသည့်အလျောက် ခရီးရောက်ကြသည်ကိုလည်း တွေ့မြင်နေရသည်။

လခစားဝန်ထမ်းအလုပ်သည်ကား ကိုယ်ပိုင်လုပ်ငန်းနှင့်မတူဘဲ များစွာကွာခြားလျက်ရှိသည်။ အလုပ်တစ်ခုရရန် မလွယ်သည့်ကာလတွင် ကျရာတာဝန်ကို ငြင်းဆန်နိုင်မှုမရှိဘဲ ထမ်းဆောင်ကြရ၏။ ဝါသနာနှင့် ထပ်တူကျဖို့ရန်ကား လွန်စွာခဲယဉ်း၏။ မိမိဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးနေရသည်။ ဖြစ်သင့်တာထက် ဖြစ်နေတာကို ဦးစားပေးနေရသည်။ ဦးစားပေးနေရုံနှင့်မရ။ လက်ရှိထမ်းဆောင်နေရသည့် လုပ်ငန်းတာဝန်ကို ချစ်မြတ်နိုးရန်လည်း လိုအပ်ပေသည်။ အလုပ်ကိုချစ်မြတ်နိုးမှ အလုပ်ကလည်း ချစ်မြတ်နိုးလာမည်ဖြစ်သကဲ့သို့ အလုပ်ခွင်တွင်လည်း ပျော်မွေ့လာမည်ဖြစ်သည်။

“ပိုက်ဆံရဖို့ အလုပ်လုပ်နေခြင်းမျိုးမဟုတ်ဘဲ အလုပ်လုပ်ခြင်းကြောင့် ပိုက်ဆံရလာသည်” တစ်နည်းအားဖြင့် လုပ်အားခရလာသည်ဟု ခံယူတတ်ရန်လိုအပ်သည်။ ထိုစာသားသည် အဓိပ္ပာယ်အားဖြင့် မတူညီသလို အကျိုးသက်ရောက်မှုသည်လည်း များစွာကွာခြားလျက်ရှိသည်။ ပိုက်ဆံရရန်အတွက်ပဲ အလုပ်ကိုလုပ်နေသူသည် ထိုလုပ်ငန်းပေါ်တွင် စိတ်ပါဝင်စားမှုရှိလိမ့်မည်မဟုတ်ပေ။ ချစ်မြတ်နိုးရန် ဆိုသည်ကားဝေးစွ။ သည်ထက်ကောင်းသည့် အရည်အသွေးများထွက်ပေါ်လာအောင် အပင်ပန်းခံ၍ တွေးခေါ်ကြံဆရန်ကား စိတ်ကူးမျှပင် ရှိလိမ့်မည်မဟုတ်ပေ။ အရေးကြီးဆုံးအချက်ဖြစ်သည့် စေတနာသည်ကား စိုးစဉ်းမျှပင် ပါလိမ့်မည်မဟုတ်ပေ။ အချိန်တန်လျှင် ပိုက်ဆံရမည်၊ အချိန်တန်လျှင် လုပ်အားခရမည်ဟုသဘောထားကာ တာဝန်ကျေရုံသာ ဆောင်ရွက်နေခြင်းဖြစ်သောကြောင့် ထိုလုပ်ငန်း၏ အရည်အသွေးကားတိုးတက်လာလိမ့်မည်မဟုတ်ပေ။ ကောင်းမွန်လာလိမ့်မည်မဟုတ်ပေ။ ထိုလူမျိုးသည် “ပိုက်ဆံရဖို့အလုပ် လုပ်နေသည့်လူမျိုး”ဖြစ်သည်။

လူတိုင်းသည် ပိုက်ဆံရရန်၊ လုပ်အားခရရန်အလုပ် လုပ်နေသည်မှာမှန်သော်လည်း အလုပ်အပေါ်ထားသည့်ခံယူချက်သည်ကား အရေးကြီး၏။ ထိုခံယူချက်ပေါ်မူတည်၍ပင် ထိုသူ၏ အရည်အချင်းတိုးတက်မှုကွာခြားသွားသလို ထိုလုပ်ငန်း၏အရည်အသွေးတိုးတက်မှုများစွာ ကွာခြားသွားလျက်ရှိသည်။ မိမိအလုပ်အပေါ် စိတ်ဝင်စားပြီး ထိုအလုပ်နှင့်ပတ်သက်ရာပတ်သက်ကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းအမြဲတွေးခေါ်ကြံဆနေသူသည် မိမိအလုပ်ကိုချစ်မြတ်နိုးသူမည်၏။ အလုပ်ကို ချစ်မြတ်နိုးခြင်းကြောင့် အလုပ်ကပြန်ချစ်သလို အလုပ်ရှင်သည်လည်း အလုပ်ကြိုးစားသူကို လျစ်လျူရှုထားရိုး ထုံးစံမရှိဘဲ အရေးပါအရာရောက်သူများသဖွယ် သဘောထား၍ ပြောဆိုဆက်ဆံပြီး ပြန်လည်ကြည့်ရှုစောင့်ရှောက်ကြသည်။ “တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာ” ဆိုသည့်အတိုင်းပင် ဖြစ်ပေသည်။ မိမိအလုပ်ကိုချစ်မြတ်နိုးသူသည် လုပ်ငန်းခွင်တွင် ညည်းညူနေခြင်းမျိုးမရှိဘဲ အမြဲတက်ကြွ ပေ့ါပါးလန်းဆန်းနေတတ်သည်။

အချိန်ဟူသည် တားမြစ်ထား၍မရဘဲ အစဉ်ကုန်ဆုံးသွားမြဲသာဖြစ်သည်။ လုပ်ငန်းခွင်တွင် ပျော်ရွှင်တက်ကြွမှုမရှိဘဲ ပျင်းရိငြီးငွေ့နေလျှင် အချိန်ကာလသည် ရှည်ကြာသလိုခံစားရပြီး လူသည်လည်း ပို၍ပင်ပန်းသလို ခံစားရတတ်သည်။ အလုပ်ကို ချစ်မြတ်နိုးလျှင်ကား လူသည် ပျော်ရွှင်တက်ကြွ၊ ပေ့ါပါးလန်းဆန်းနေတတ်ပြီး အချိန်သည်လည်း မည်ကဲ့သို့ကုန်ဆုံးသွားမှန်းပင် သိလိုက်မည်မဟုတ်ပါချေ။ မည်သို့ဆိုစေ အချိန်ကတော့ အစားထိုး၍မရဘဲ ကုန်ဆုံးသွားသည်သာ ဖြစ်သည်။ သို့ဖြစ်လျှင် ပျင်းရိငြီးငွေ့စွာဖြင့် ကိုယ့်ကိုယ်ကိုယ် အပင်ပန်းအဆင်းရဲခံကာ အချိန်ကိုကုန်ဆုံးစေမည်လား၊ ပျော်ရွှင်တက်ကြွ ပေ့ါပါးလန်းဆန်းစွာဖြင့် အချိန်ကိုကုန်ဆုံးစေမည်လား စဉ်းစားစေလိုသည်။

စာရေးသူတို့ ကလေးဘဝကျောင်းနေစဉ်အခါက နေ့စဉ်နှင့်အမျှ ရွတ်ဆိုခဲ့ရသည့် ကျောင်းကောင်စီဆောင်ပုဒ်လေးကို အမှတ်ရမိသည်။

“မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်
မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်
မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်
မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်”ဟူ၏။

ထိုဆောင်ပုဒ်သည် အခြေခံမျှဖြစ်သော်လည်း အဓိပ္ပာယ်မှာ လေးနက်မှုရှိလှသည်။ ပထမဦးစွာ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားရမည်။ မိမိသည် လူကောင်းတစ်ယောက် ဖြစ်လာပြီဆိုလျှင် မိမိနှင့်ပတ်သက်ဆက်နွှယ်နေသည့်ပတ်ဝန်းကျင် ကောင်းမွန်လာလိမ့်မည်။ မိမိတက်နေရသည့် အတန်းနှင့်ကျောင်း၏ ဂုဏ်သတင်းသည်လည်း ကောင်းခြင်းမင်္ဂလာ ကျော်စောထင်ရှားလာပေလိမ့်မည်။ လူတိုင်းကိုယ်စီကောင်းအောင် ကြိုးစားလိုက်သည်နှင့် မိမိရပ်ရွာ၊ မိမိမြို့နယ်၊ မိမိတိုင်းပြည် ကေန်မုချ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာလိမ့်မည် ဖြစ်သည်။

ထိုနည်းတူစွာ မိမိထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်ကို ချစ်မြတ်နိုးပြီး မိမိအလုပ်ကိုကောင်းအောင်ကြိုးစားကြရန် လိုအပ်ပေသည်။ အစိုးရဝန်ထမ်းများအနေဖြင့် မိမိအလုပ်ကိုချစ်မြတ်နိုး၍ ကောင်းအောင် ကြိုးစားလုပ်ဆောင်ခြင်းသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်နေခြင်းဖြစ်ပေသည်။ အသေးအဖွဲလေးပါဟု သဘောမထားသင့်။ ထိုအသေးအဖွဲလေးများစုပေါင်းခြင်းမှသည် ကြီးမားသည့် အောင်မြင်မှုများရရှိစေခြင်းဖြစ်သကဲ့သို့ ပျက်စီးဆုံးရှုံးမှုများလည်းဖြစ်ပေါ်စေသည်။ ထို့ကြောင့် မိမိထမ်းဆောင်ရသည့် မည်သည့်လုပ်ငန်းတာဝန်ကိုမဆို အသေးအဖွဲဟု သဘောမထားဘဲ အလေးအနက်ထား၍ ချစ်မြတ်နိုးစွာ ထမ်းဆောင်ရန် လိုအပ်ပေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရာ၌ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်နေသည့် မိမိတို့နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မိမိတို့ကျရာလုပ်ငန်းတာဝန်များကို မညည်းညူဘဲ ချစ်ခင်မြတ်နိုးစွာ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း မေတ္တာဖြင့် ဆန္ဒပြုရေးသားလိုက်ရပါသည်။

> ❖ လခစားဝန်ထမ်းအလုပ်သည်ကား ကိုယ်ပိုင်လုပ်ငန်းနှင့်မတူဘဲ များစွာကွာခြားလျက်ရှိသည်။ အလုပ်တစ်ခုရရန် မလွယ်သည့်ကာလတွင် ကျရာတာဝန်ကို ငြင်းဆန်နိုင်မှုမရှိဘဲ ထမ်းဆောင်ကြရ၏။ ဝါသနာနှင့် ထပ်တူကျဖို့ရန်ကား လွန်စွာခဲယဉ်း၏။ မိမိဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးနေရသည်။ ဖြစ်သင့်တာထက် ဖြစ်နေတာကို ဦးစားပေးနေရသည်။ ဦးစားပေးနေရုံနှင့်မရ။ လက်ရှိထမ်းဆောင်နေရသည့် လုပ်ငန်းတာဝန်ကို ချစ်မြတ်နိုးရန်လည်း လိုအပ်ပေသည်။ အလုပ်ကို ချစ်မြတ်နိုးမှ အလုပ်ကလည်း ချစ်မြတ်နိုးလာမည်ဖြစ်သကဲ့သို့ အလုပ်ခွင်တွင်လည်း ပျော်မွေ့လာမည်ဖြစ်သည်။ ❖

# သရက်မြို့နယ် ရွာတန်းရှည်ကျေးရွာ၌ အုတ်စီရေမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာတန်းရှည်ကျေးရွာ၌ အုတ်စီရေမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွာတန်းရှည်ကျေးရွာ၌ အုတ်စီရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော စိုးမြင့်မိုရ်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များရှင်းလင်းတင်ပြမှုအပေါ် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သရက်မြို့နယ် ရွာတန်းရှည်ကျေးရွာ၌ အလျားပေ ၂၀၅၀၊ အနံ နှစ်ပေ၊ အမြင့် နှစ်ပေ ခြောက်လက်မရှိ အုတ်စီရေမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၃ သန်းဖြင့် စိုးမြင့်မိုရ်ကုမ္ပဏီက ဇူလိုင် ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက်ထိ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။



စင်မာ

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျပန်နိုင်ငံက C-2 သယ်ယူပို့ဆောင်ရေးလေယာဉ်များတွင် တာဝေးပစ်ဒုံးကျည်များတပ်ဆင်ရန် စီစဉ်



ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်း၏ C-2 သယ်ယူပို့ဆောင်ရေးလေယာဉ်များပေါ်တွင် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်၏တစ်စိတ်တစ်ပိုင်းအဖြစ် တာဝေးပစ်ဒုံးကျည်များ တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း ဩဂုတ် ၆ ရက်တွင် အစိုးရအတွင်းဝန်များရုံး သတင်းကိုကိုးကား၍ သိရသည်။

လူဦးရေ ၁၁၀ ဆံ့ ခရီးအကွာအဝေး ကီလိုမီတာ ၇၆၀၀ ခန့်၊ တန် ၂၀ အလေးချိန် ကုန်တင်ဆောင်နိုင်မှုနှင့်အတူ C-2 လေယာဉ်များသည် ဒုံးကျည်များပေါင်းစည်းတပ်ဆင်နိုင်မှုအတွက် ဂျပန်နိုင်ငံက ထည့်သွင်းစီစဉ်နေခြင်းလည်းဖြစ်သည်။

လက်ရှိတွင် ဂျပန်နိုင်ငံ၌ C-2 သယ်ယူပို့ဆောင်ရေးလေယာဉ် အစင်း ၁၅၀ ခန့် ပိုင်ဆိုင် ထားကြောင်း သိရသည်။

ဒုံးကျည်များသည် ရန်သူအခြေစိုက်နေရာများ၊ အထူးသဖြင့် ရန်သူဒုံးကျည်ပစ်လွှတ်သည့်နေရာများကို ကြိုတင်ကာကွယ်တိုက်ခိုက်ရန် စွမ်းအားစုများအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကာ ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံမီဒီယာများက ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် လေယာဉ်မှ ပစ်လွှတ်ပြီးနောက် ဒုံးကျည်၏အင်ဂျင်ကို ပျံသန်းမှုအလယ်လောက်တွင် အသက်သွင်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ဒုံးကျည်အမျိုးအစားကို တပ်ဆင်အသုံးပြုရန် မျက်စိကျနေကြောင်း ထင်ကြေးပေးနေကြသည်။

အဆိုပါ ဒုံးကျည်အမျိုးအစားသည် လေယာဉ်အတွက် လိုအပ်သည့်ပြုပြင်မွမ်းမံမှုများလုပ်ဆောင်ရန် ထိရောက်စွာလျှော့ချနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ရေငုပ်သင်္ဘောများမှ ပစ်လွှတ်ရန်အတွက် အံဝင်ခွင်ကျဖြစ်သော ဒုံးကျည်အမျိုးအစားများ တီထွင်ထုတ်လုပ်ရန် အစီအစဉ်များကိုလည်း အကြမ်းဖျင်း ဖော်ပြခဲ့သည်။

အထူးသဖြင့် ဤအစီအစဉ်တွင် C-2 လေယာဉ်များအတွက် ဒုံးကျည်အသစ်များ တီထွင်ထုတ်လုပ်ခြင်း သို့မဟုတ် ဝယ်ယူခြင်းမျိုးတော့ မပါဝင်ကြောင်း သိရသည်။

၎င်းအစားတပ်ဆင်ရန် အလားအလာရှိသော ဒုံးကျည်အမျိုးအစားမှာ F-15 တိုက်လေယာဉ်များတွင်ချိတ်ဆွဲ၍ တိုက်ပွဲဝင်ရန် ရည်မှန်းထားသည့် ကီလိုမီတာ ၉၀၀ အကွာအဝေးထိ တိုက်ခိုက်နိုင်စွမ်းရှိသော အမေရိကန်ထုတ် Joint Air-to-Surface Standoff Missile (JASSM) ဒုံးကျည်များ တပ်ဆင်အသုံးပြုနိုင်ဖွယ်ရှိနေသည်။

ထို့ပြင် ကီလိုမီတာ ၁၀၀၀ ထိ အဆင့်မြှင့်တင်နိုင်သော Type 12 သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည်အမျိုးအစားကို လေယာဉ်မှ ပစ်လွှတ်နိုင်သည့် ဗားရှင်းမျိုးပြောင်းလဲနိုင်ရန် ဆက်လက်လုပ်ဆောင်နေသည်။

အဆိုပြုထားသည့် မဟာဗျူဟာမြောက် အစီအမံသည် Standoff Defense တာဝေးကာကွယ်ရေးစွမ်းရည်မှ ပေါက်ဖွားလာခြင်းဖြစ်ကာ မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ဒုံးပစ်လောင်ချာများ၊ ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့များ၏ ဖျက်သင်္ဘောများနှင့် လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ တိုက်လေယာဉ်များတွင် ဘေးကင်းစိတ်ချရသော အကွာအဝေးတစ်ခုမှ ရန်သူကိုပစ်မှတ်ထားတိုက်ခိုက်နိုင်စေရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

C-2 သယ်ယူပို့ဆောင်ရေးလေယာဉ်သည် အချိန်ကာလကြာမြင့်စွာ လေကြောင်းချီစစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်စွမ်းပိုင်ဆိုင်ထားပြီးဖြစ်ရာ တိုက်လေယာဉ်အများစုထက် ဒုံးကျည်များ ပိုမိုသယ်ဆောင်နိုင်ခြင်းမှာ အဓိကအားသာချက် ဖြစ်လာနိုင်သည်။

စီမံကိန်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများအတွက် ဘတ်ဂျက် ယန်း ၃ ဒသမ ၆ ဘီလီယံကို ၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ရန်ပုံငွေများသည် ၂၀၂၄ ဘဏ္ဍာနှစ်တွင် အပြီးသတ်လုပ်ဆောင်နိုင်ရန်စီစဉ်ထားပြီး နည်းပညာဆိုင်ရာအချက်အလက်များကို စေ့စေ့စပ်စပ် သုတေသနပြုပြီးနောက် အလုံးစုံဖွံ့ဖြိုးတိုးတက်မှုကို လွယ်ကူချောမွေ့စွာလုပ်ဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ ပဏာမခြေလှမ်းသည် ဂျပန်နိုင်ငံ၏ မကြာသေးမီက ထုတ်ဖော်ပြသခဲ့သော Defense Buildup Program စီမံကိန်းနှင့်ကိုက်ညီပြီး ဒုံးကျည်ပစ်လွှတ်မှုကို ကြည်း၊ ရေ၊ လေ နယ်ပယ်စုံမှ လုပ်ဆောင်နိုင်ရန် အရေးပါမှုကိုအလေးပေးဖော်ဆောင်သွားမည်ဖြစ်ကာ သယ်ယူပို့ဆောင်ရေးလေယာဉ်ပေါ်တွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်သော ဖြစ်နိုင်ခြေရှိသည့် ဒုံးကျည်စနစ်တစ်ရပ်အပေါ် အကဲဖြတ်ဆန်းစစ်ချက်များ လုပ်ဆောင်ခဲ့သည်။

**Japan Reportedly Eyeing Arming C-2 Planes With Long-Range Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အမေရိကန်ထုတ် တာတိုပစ်ဒုံးကျည်များထက် ရုရှား Su-57 တိုက်လေယာဉ်သုံး တာတိုပစ်ဒုံးကျည်သစ်များက စွမ်းဆောင်ရည်သာလွန်

ရုရှားနိုင်ငံထုတ် ပဉ္စမမျိုးဆက် Su-57 တိုက်လေယာဉ်သုံး တာတိုပစ်ဒုံးကျည်များသည် အမေရိကန်ထုတ် တာတိုပစ်ဒုံးကျည်များထက် စွမ်းဆောင်ရည်သာလွန်ကြောင်း တီထွင်ထုတ်လုပ်သူ JSC GosMKBVympel ကုမ္ပဏီက ဩဂုတ် ၇ ရက်ထုတ်တွင်ထုတ်သော Arsenal of the Fatherland မဂ္ဂဇင်း ဆောင်းပါးတွင် ပြောကြားထားသည်။

ရုရှားနိုင်ငံတွင် ပဉ္စမမျိုးဆက် "ဝေဟင်မှ ဝေဟင်ပစ်"ဒုံးကျည်များဖွံ့ဖြိုးတိုးတက်လာမှုသည် ယခုအခါ စက်မှုလုပ်ငန်းတွင် ထုတ်လုပ်သည့်အဆင့် ရောက်ရှိနေပြီဖြစ်သည်ဟု အဆိုပါဆောင်းပါးတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်မတူဘဲ အဆိုပါတာတိုပစ်ဒုံးကျည်များကို လျင်မြန်စွာ တီထွင်ထုတ်လုပ်၊ စမ်းသပ်နိုင်ခဲ့ပြီး တပ်ဖြန့်အသုံးပြုနေပြီဖြစ်ကြောင်းလည်း ဆောင်းပါးရှင်က အလေးပေးဖော်ပြခဲ့သည်။

တာတိုပစ် ဝေဟင်မှ ဝေဟင်ပစ် RVV-MD2 ဒုံးကျည်ကို ပဉ္စမမျိုးဆက် Su-57 တိုက်လေယာဉ်၏ ကိုယ်ထည်အတွင်း တပ်ဆင်သယ်ဆောင်နိုင်သည်ဟု ကျွမ်းကျင်သူများက ရှင်းပြသည်။

RVV-MD2 ဒုံးကျည်သည် အလိုအလျောက်ပျံသန်းစဉ်အတွင်း ဒုံးကျည်ကို ထိန်းချုပ်ရန်နှင့် တည်ငြိမ်စေရန် Inertial လမ်းညွှန်စနစ်ကို ပထမဆုံးအသုံးပြုထားသည့် တာတိုပစ်ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း မဂ္ဂဇင်း၏အယ်ဒီတာချုပ် Viktor Murakhovskiy က ထောက်ပြရေးသားထားသည်။

Inertial လမ်းညွှန်စနစ်သည် ခဲယမ်းများအား ပြင်ပမှ အချက်ပြ၊ ထုတ်လွှင့်မှုများကို အားမကိုးဘဲ အာကာသအတွင်း ၎င်း၏ ကိုဩဒိနိတ်များကိုအလိုအလျောက် ထိန်းကျောင်းဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Murakhovskiy က RVV-MD2 ဒုံးကျည်တွင် ရေဒီယိုလှိုင်းများ ပြင်ဆင်ချက်ပေးသည့်စနစ် Radio Correction Line တပ်ဆင်ထားသဖြင့် တိုက်လေယာဉ်အနေဖြင့် ပစ်မှတ်ကိုဩဒိနိတ်များကို Onboard ပြင်ဆင်ချက်ပေးနိုင်စေပြီး ရန်သူလေယာဉ်ကို တိုက်ခိုက်ဖျက်ဆီးနိုင်မှုစွမ်းရည် ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ဒုံးကျည်သစ်၏ နောက်ထပ်အားသာချက်မှာ Multi-Element Dualband အနီအောက်ရောင်ခြည်သုံး အာရုံခံကိရိယာကို Anti-Jamming စွမ်းဆောင်ရည်များဖြင့် ပိုမိုကောင်းမွန်အောင်တပ်ဆင်အသုံးပြုထားခြင်းဖြစ်သည်။



ဒုံးကျည်အသစ်သည် ကျောဘက်မှ ပစ်မှတ်များအပါအဝင် ထောင့်ပေါင်းစုံမှ ချဉ်းကပ်လာနိုင်သည့် ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

တစ်နည်းဆိုရသော် RVV-MD2 ဒုံးကျည်သည် ရှေ့တည့်တည့်မှပစ်လွှတ်လိုက်ပြီး ဝေဟင်၌ လှုပ်ရှားစစ်ကစားမှုများပြုလုပ်ကာ Su-57 တိုက်လေယာဉ်နောက်ဘက်တွင် ရောက်ရှိနေနိုင်သော ရန်သူ့လေယာဉ်ကို တိုက်ပွဲဝင်နိုင်ခြင်းမျိုးဖြစ်သည်ဟု Murakhovskyi က ရှင်းပြခဲ့ကြောင်း သိရသည်။

ထို့ပြင် Su-57 ဘက်စုံသုံးတိုက်လေယာဉ်များတွင် ခေတ်မီဆန်းသစ်သော ဝေဟင်သုံး ဒစ်ဂျစ်တယ်ဆက်သွယ်ရေးပက်ကေ့ချ်ကို စတင်အသုံးပြုနေပြီဖြစ်ရာ ၎င်းစနစ်သည် ဒေတာပေးပို့မှု အရည်အသွေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း Ruselectronics ကုမ္ပဏီလီမိတက်မှ TASS သတင်းဌာနသို့ ဩဂုတ် ၇ ရက်က ပြောကြားခဲ့သည်။

**New Short-Range Missiles for Su-57 Outpace US Developments ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers speech to officers, other ranks, families of Pathein Station in South-West Command



Senior General Min Aung Hlaing meets Tatmadaw members and families from the Pathein Station.

**Nay Pyi Taw August 11**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing delivered a speech to officers, other ranks and families of Pathein Station in the South-West Command at the Ayeyarwady Hall of the command this morning.

Also present together with the Senior General were wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy, Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior officers from the Office of the Commander-in-Chief of Defence Services, Commander Brig-Gen Kyi Khaing of the South-West Command, officers and officers, other ranks and families of Pathein Station.

**Tatmadaw and leadership role of national politics**

In his speech, the Senior General discussed voting irregularities in the 2020 multiparty general election, assumption of state duties by the Tatmadaw by declaring a state of political emergency due to attempts to seize state power illegally without settling voting disputes in accordance with the law, extension of the state of emergency for another six months in the entire country on 1 August, 2023 as terrorist acts are still going on although the SAC government has been exerting efforts for all-round development of the country during its term, implementation of tasks by adopting a five-point roadmap and nine objectives during the extended period, preparations for holding a multiparty general election, measures taken with the objective of handing over power to the government emerged after holding a free and fair multiparty general election which will be held after implementing provisions of the state of emergency, changes in the constitutional system in successive eras and the leadership role the Tatmadaw has to play in national politics.

**Youths instilled with five strengths must be nurtured for the future of the country**

The Senior General continued that the newly adopted five-point roadmap and nine objectives must be studied comprehensively and everyone must play their roles assigned for successful implementation of them. Among the objectives, one has been adopted for the role of youths. It is necessary to nurture outstanding youth who are instilled with five strengths such as physical, intellectual, moral, relational and economic ones to perform the duty for the future of the country. Youths play an important role in the future development of the country and measures must be taken to nurture national leaders who can steer the future of the country. Only when youths are trained and nurtured to become ones with good morals and intellectual development, will the future country be strong. Due to weaknesses of the former education system and management, the education of students has suffered. As high standards of education contribute a lot to development of the country, the government has been encouraging and implementing measures related to high standards of education since its assumption of state duties. Anticipating the long-term interests of the country, the roadmap and objectives have been adopted. Officers, other ranks and families are urged to try to understand the essence and expectations of the roadmap and objectives and to implement them as much as one can.

**Performing national defence duties and measures taken to build capable and powerful Tatmadaw**

In connection with the affairs of the Tatmadaw, its major duty is to defend the country from dangers that undermine the sovereignty of the country and to safeguard the national interests of its citizens. Although every armed forces in the international community is to defend the country from foreign threats and the police force is to tackle internal armed violence and conflicts, the Tatmadaw has to address internal armed conflicts and security of lives and property of the people together with the police force under historical conditions of the country.

Efforts are being made to build the capable and powerful Tatmadaw. As training duties must be performed properly to enhance the capabilities of individual personnel to upgrade the capabilities of the Tatmadaw, personnel are always required to take part in training and exercises to enhance their individual capabilities. Measures have been taken to provide food and shelters as much as possible for the health and fitness of all Tatmadaw personnel. In connection with intellectual capabilities, training courses are being conducted not only for military science but also for respective fields of study. Physical exercises must always be done for the health and fitness of individual personnel.

In performing respective duties, officers and other ranks are required to carry out their duties successfully and concerted efforts must be made to build the capable and powerful Tatmadaw with the performance and efforts of individual personnel. In conclusion, the Senior General urged all to cooperate for the development of the youth sector or future of the country as much as possible and asked officers, other ranks and families about their needs.

Then, the Senior General presented foodstuffs for officers, other ranks and families to the regional commander while the wife of the Senior General presented cash rewards for the station maternal and child welfare association to the wife of the commander.

After the meeting, the Senior General and party cordially greeted officers, other ranks and families who attended the meeting.


Then, the Senior General and party inspected battalions and units in Pathein Station by car.

100


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects measures for raising sports standard in Ayeyawady Region, water supply tasks in Pathein



Senior General Min Aung Hlaing hears report on construction of a high standard swimming pool.

**Nay Pyi Taw August 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing inspected measures for raising the sports standard in Ayeyawady Region and water supply tasks in Pathein this afternoon. He was accompanied by SAC Joint Secretary Lt-Gen Ye Win Oo, union ministers, the Chief of General Staff (Army, Navy and Air), senior military officers, Chief of Minister of Ayeyawady Region U Tin Maung Win, the South-West Command commander and officials.

First, the Senior General and party arrived at Kothein Stadium of the Ministry of Sports and Youth Affairs in Pathein. At the briefing hall, the Senior General heard a report by U Tun Myint Oo, director general of the Sports and Physical Education Department, on ongoing measures for the sports sector development, the construction and upgrading of sports fields, stadiums and swimming pools in Ayeyawady Region and plans to establish the Institute of Sports and Physical Education (Pathein).

In his guidance, the Senior General said improving the sports standard has been included as one of the points included in the continued national objectives of the State, so attention has been paid to sports. Raising the sports standard means bringing dignity and honour to the State. And it will arouse the patriotic and nationalistic spirits. Sports must be emphasized as it is a national cause. In upgrading the sport stadiums, the number of spectators needs to be considered. In view of the future and sustainability, they need to be of mordent standard. It is also necessary to include car parks and emergency exits. The land approved for an institute of sports and physical education in Pathein should be systematically used. The construction of buildings needs to be systematically arranged so that there will not be unnecessary empty spaces. Sports facilities should meet the set standards so that the sport standard can improve. Coaches also need to try to have full skills and qualifications, the Senior General said.

Next, the Senior General and party went round in Kothein Stadium and left the necessary instructions.

Then, the Senior General and party inspected Kyauk Taing sports field and left necessary instructions.

After that, the Senior General and party inspected the construction of a high standard swimming pool in Pathein. The director general of the Sports and Physical Education Department reported on construction progress. The Senior General stressed the need to consider the number of spectators in building a stand for the swimming pool and withstand bad weather conditions, especially strong winds, and left necessary instructions.

Afterwards, the Senior General and party proceeded to the site where water supply tasks are being carried out for the town of Pathein. Director U Phone Lwin of the Region Development Affairs Committee reported on town water supply tasks, installation of water meters, ongoing water supply tasks, water requirements in summer, water quality control records, establishment of water purifiers and distribution of purified water to the public.

The Senior General spoke of the need to educated the people about using water efficiently. He said rainwater can be stored and used as the town has a large rainfall. Plants need to be grown and maintained as many as possible along the river banks to reduce silt in the river where the water purifier is closely located.


Senior General Min Aung Hlaing inspects the water supply project site.

Then, the Senior General and party inspected the water purification process at the plant and left the necessary instructions.

The town water supply project can purify 4.5 million gallons of water from the Ngawun River a day. Water is now distributed to the town through pipelines at cheap prices. 100



Senior General Min Aung Hlaing inspects Kyauk Taing sports field.

# SAC Chairman Prime Minister Senior General Min Aung Hlaing meets with town elders in Pathein, discusses regional development in Ayeyawady Region



Senior General Min Aung Hlaing and Daw Kyu Kyu Hla make cash donation for the Shwemuhtaw Pagoda.



Senior General Min Aung Hlaing views the shops at the stairway of the pagoda.

**Nay Pyi Taw August 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourages, the Chief Minister of Ayeyawady Region, the commander of South-West Command, those from Ayeyawady Region Government, and departmental officials, this afternoon met with town elders at the guest house of the government office in Pathein of Ayeyawady Region and cordially discussed regional development.



Senior General Min Aung Hlaing meets town elders in Pathein.



First, the Senior General made discussions, saying that Ayeyawady Region is enjoying improvement in all sectors including economic, education, health, and peace and tranquility, which is reliable for the country. In this regard, the region's condition depends on endeavours of region government and departmental officials at different levels in addition to cooperation of local people. Hence, the Senior General urged all to maintain such a fine tradition and endeavours.

It can be seen that Ayeyawady Region has high rice sufficiency, and possesses high quality paddy strains. In the education sector, the region can take pride in scoring the highest number of students and the highest pass rate. The government is encouraging the education sector. Agriculture, livestock and industrial high schools have been opened in 50 districts with more plans to extend similar schools. The Senior General said that he himself recognizes the endeavours of Ayeyawady Region and urged all attendees to cordially discuss any requirements for development of the region.

Those attendee town elders said that they have never grabbed such opportunities to directly discuss something with the Head of State before. They expressed they took pride in efforts of the Senior General who make trips to the grassroots levels for the sake of the State and the region. They also discussed raising per-acre yield of agricultural tasks in the region, requirements for maintenance of soil quality, enhancement of soil quality for damaging it in long term use of pearl, urea and other compound fertilizers, establishment of an agriculture and livestock university in the region, and requirement to upgrade some parts of roads in the region despite betterment in transport sector. The region chief minister gave a supplementary report.

In his response, the Senior General said that inputs such fertilizers and natural fertilizers must be used systematically for increasing the per-acre yield of crops, and it is necessary to maintain soil quality. Kenaf must be cultivated to produce natural fertilizers and help fertilize soil. The Senior General stressed the need to prevent loss of existing species of plants, declining of quality and conducting research works. Not only the government but businesspersons from relevant regions have to strive for implementing the market economic system. The government on its part will tackle the policies.

The Senior General underscored that it is necessary to operate livestock breeding farms together with agricultural tasks. Agriculture and livestock sectors are inseparable, and waste from livestock farms can be used as natural fertilizers. Likewise, agricultural raw materials can be used as animal feeds. Ayeyawady Region is a proper area to operate fish farms. It has the market share for selling advanced fish products. As the region is in the condition of successfully managing the cattle farming tasks, extended works can be much beneficial for the State and the region.

Using fertilizers for increasing per-acre yield of crops can harm quality of original quality of crops. Using natural fertilizers as much as possible can control soil quality ad crops quality. As farmers operate their farming tasks on the small plots, they have to change mindset to operate the acre plots for implementation of the mechanized farming, raising the per-acre yield of crops. Land must be prepared systematically to grow paddy meeting the target so as to increase the per-acre yield. The agricultural tasks must have quality strains of crops, fertile soil, sufficiency of agricultural water and correctly agricultural techniques. If so, the agricultural tasks will achieve success.

With regard to the transport sector, the Senior General highlighted that a large number of vehicles roll on Pathein-Yangon road daily. As upgrading of road depends on number of daily passing vehicles in line with the international standards, efforts are being made to upgrade the Pathein-Yangon road. A plan is underway to upgrade Pathein Airport in order to admit landing and taking off of airplanes from international airlines. The Senior General noted that Ayeyawady Region possesses natural beauties, domestic foods and other sound foundations for operating tourism industry.

Although electric power projects were implemented in the country in the past, these were halted due to various reasons.

*See Page 15*

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses work coordination meeting of Steering Committee to Organize 24th Myanmar Traditional Cultural Performing Arts Competition



Vice-Senior General Soe Win addresses the meeting.

**Nay Pyi Taw August 11**

The Steering Committee to Organize the 24th Myanmar Traditional Cultural Performing Arts Competition held its work coordination meeting at the Ministry of Religious Affairs and Culture this morning addressed by Patron of the Steering Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were union ministers, the Nay Pyi Taw Council chair, deputy ministers, members of the steering committee and work committees, chief ministers of regions and states, permanent secretaries, directors general, judges, and officials.

The Vice-Senior General said the Competition was held for 22 times from 1993 to 2016 with noble aims. The former union government could not hold the Competition for five years from 2017 to 2021 for various reasons. Some contests started to lose touch with Myanmar performing arts and some experienced persons passed away during the period. On the other hand, indecent music, songs composed with rough words, unmelodious dances that were against the Myanmar culture were penetrating the youth to a certain degree. Elderly experts who preserved Myanmar performing arts and youth who cherished it were longing for the Competition despite the negative situation.

At the meeting 3/2022 of Union government held on 5 May 2022, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing gave guidance to hold the 23rd Competition on a grand scale, and stressed the need to identify and encourage well-experienced judges who could make correct decisions and who were free from corruption and promote new generation artists.

As the steering committee viewed from cultural angle, security angle and also from health angle, because of Covid-19 that was weakening then in making advanced programs together with work committees and subcommittees, the 23rd Competition was a success and it could bring about a lot of new artists.

The number of ardent contestants at the Competition exceeded the latest expected numbers. Hence, it was a valuable achievement for the relevant committees. A country with high level of civilization has the significant intangible evidences of a long cultural history and the evolution of its performing arts and cultural values.

SAC in shouldering the State duties paid serious attention to Section 27 of the Constitution "The Union shall assist development, consolidation and preservation of National culture." Section 33 "The Union shall strive for youth to have strong and dynamic patriotic spirit, the correct way of thinking and to develop the five noble strengths" Section 390 (a) "preservation and safeguarding of cultural heritage;" and held the 23rd Competition successfully on a grand scale. The meeting is held to hold the 24th Competition a national level event on a grand scale.

Therefore, officials of the Steering Committee, subcommittees and relevant ministries and representatives of regions and states are urged to discuss sector-wise matters in order that the 24th Myanmar Traditional Performing Arts Competition developed seriously by the State with the objectives will take place within a thriving circle of complete contest contents, judges and new blood of little known youths with talent as in the previous years. All are to work together to successfully hold the competition turning the weak points experienced in the 23rd Competition into the advantages.

Afterwards, Chairman of the Steering Committee Union Minister U Tint Oo Lwin briefed on the state of holding the previous competition, arrangements for holding the 24th Competition and prizes to be presented.

Next, Secretary of the Steering Committee Deputy Minister Daw Nu Mya Zan briefed on the objectives of the competition, formation of the Steering Committee, working committee and subcommittees and their duties, and process of holding the competition.

Then, Union Ministers U Nyan Tun, Dr. Nyunt Pe, Dr. Thet Khaing Win and Daw Thet Thet Khine, the Chairman of Nay Pyi Taw Council and ministers of region and state governments participated in the discussions on holding the competition successfully.

Afterwards, officials of respective sub-committees submitted sector-wise matters on the competition.

Then, the judges for the competition and officials submitted their suggestions on the competition.

Later on, the Vice Chairman of SAC, Patron of the Steering Committee, made coordination on the discussions and suggestions and gave concluding remarks. 100

*From Page 14*

So, the country faced loss of electricity sufficiency. At present, electric power projects are being implemented.

Officials need to supervise uplifting of living standard of the people and enforce traffic rules in Pathein. Local people have to follow the prescribed disciplines. Ayeyawady Region is a reliable region of the State, and it needs to shape itself as a symbol in the agriculture sector. The government will fulfill the needs.

The Senior General and party cordially greeted town elders of Pathein in Ayeyawady Region.

The Senior General and party visited Pathein by car.

The Senior General and wife and party paid homage to Shwemuhtaw Pagoda in Pathein where they were welcomed by members of the pagoda board of trustees. The Senior General, wife and party paid homage to the pagoda and offered flowers, water and oil lights.

The Senior General signed the visitors' book and donated cash for all-round renovation of the pagoda and offering gold foils to the pagoda through officials from the board who returned Dhamma gifts.

The Senior General and party visited the pagoda round the clock and gave instructions on maintenance of the pagoda for long term existence and magnificence and other necessary measures.

The Senior General and party viewed round the shops selling religious objects and traditional handicrafts at the stairway and cordially greeted those present. 100

# Islamic State attack on army bus kills 23 Syrian soldiers

**Damascus August 11**

At least 23 Syrian soldiers have been killed in an attack blamed on Islamic State (IS) militants in eastern Syria, reports say.

The jihadists surrounded a military bus in eastern Deir al-Zour province before opening fire, the UK-based Syrian Observatory for Human Rights said.

More than 10 other soldiers were injured and dozens are said to be missing.

The attack has been described as the deadliest this year by IS militants.

Despite losing the last of its territory in 2019, IS still maintains hideouts in the vast Syrian desert, from which it carries out ambushes and hit-and-run attacks.

Sana news agency quoted a military source saying a "terrorist" group had attacked a military bus on Thursday in the steppe desert on the road from the T2 pumping station - which lies close to the Iraqi border south of the city of Deir al-Zour - leaving a number of army personnel dead and injured.

The T2 pumping station was an IS stronghold until its capture by the Syrian army in 2017.

The Syrian Observatory for Human Rights (SOHR), a UK-based monitoring group that relies on a wide network of sources on the ground in Syria, said the death toll was likely to rise.

BBC





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

မိသားစုဝင်များ တက်ရောက်ကြသည်။

**တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်စဉ်။

ခဲ့သည့်အခြေအနေများ၊ မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန်လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကိုထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း နိုင်ငံတော်ကိုဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်မှုဖြစ်စဉ်များရှိနေဆဲဖြစ်သဖြင့် နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ နောက်ထပ် ခြောက်လ သက်တမ်းတိုးမြှင့်ထားသည့် အခြေအနေများ၊ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့်ကာလအတွင်း ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်မှုများနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွှတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဦးစွာရှင်းလင်းပြောကြားသည်။

**နိုင်ငံ့အနာဂတ်အတွက် ဗလငါးတန်ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်**

ဆက်လက်ပြောကြားရာတွင် အသစ်ထပ်မံချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၍ အောင်မြင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ကျရာအခန်းကဏ္ဍက ပါဝင်ရမည်ဖြစ်ကြောင်း၊ ဦးတည်ချက်များအနက် လူငယ်များ၏အခန်းကဏ္ဍတစ်ခုကို ထည့်သွင်းချမှတ်ထားကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တာဝန်ကိုထမ်းဆောင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူကောင်းလူတော်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ **နိုင်ငံ၏အနာဂတ်တိုးတက်ရေးအတွက် လူငယ်များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပြီး အနာဂတ်တိုင်းပြည်ကို ဦးဆောင်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာမှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ယခင်က ပညာရေးစနစ်၏ အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများရှိခဲ့ခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးတွင် အားနည်းချက်များရှိခဲ့ကြောင်း၊ **ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ တိုင်းပြည်အတွက် ရေရှည်အကျိုးကိုမျှော်တွေး၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၏ ဆိုလိုချက်နှင့် မျှော်မှန်းချက်များကို သဘောပေါက်နားလည်ကြရန်နှင့် မိမိတို့တတ်နိုင်သည့်ဘက်မှ လိုက်နာအကောင်အထည်ဖော်ဆောင်ကြရန်လိုသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်မှုနှင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးဆောင်ရွက်လျက်ရှိမှု**

တပ်မတော်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့်အန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကိုကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင်အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏သမိုင်းကြောင်းအခြေအနေများအရ တပ်မတော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတွင်အတူတကွပူးပေါင်း၍ တာဝန်ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း။

တပ်မတော်ကို စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၏စွမ်းပကားမြှင့်တင်ရန်အတွက် စစ်သည်တစ်ဦးချင်း၏ စွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဦးချင်းစွမ်းရည်များရှိစေရေး အမြဲလေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားအားလုံးကျန်းမာ၊ ကြံ့ခိုင်မှုရှိစေရေးအတွက် နေထိုင်စားသောက်မှုများကို တတ်နိုင်သမျှပြည့်စုံအောင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဉာဏပိုင်းနှင့်ပတ်သက်၍လည်း စစ်အတတ်ပညာများကို သာမက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍရပ်များအားလုံးကို ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက်လည်း အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဦးချင်း၏စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုမှသည် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်၏အနာဂတ်ဖြစ်သည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းအားပေး ဖော်ဆောင်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်တွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အားကစားကွင်းများ၊ အားကစားရုံများ၊ ရေကူးကန်တည်ဆောက်ထားရှိမှုနှင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ အားကစားနှင့်ကာယပညာသိပ္ပံ (ပုသိမ်)တည်ဆောက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော် ရှေ့ဆက်ဆောင်ရွက်သွားမည့် ဦးတည်ချက်များတွင် အားကစားကဏ္ဍမြှင့်တင်နိုင်ရေး အချက်တစ်ချက်အနေဖြင့် ထည့်သွင်းချမှတ်ထားရှိပြီးဖြစ်ပြီး အားကစားကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ **အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ကိုမြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွ လာစေမည်ဖြစ်**ကြောင်း၊ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အားကစားကွင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လာရောက်ကြည့်ရှုနိုင်မည့် ပွဲကြည့်ပရိသတ်အင်အားပမာဏကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြည့်၍ ရေရှည်မြော်တွေးဆောင်ရွက်ရန်နှင့် အဆင့်မီပြီး ခေတ်နှင့်လျော်ညီသည့် စံချိန်မီအားကစားရုံ၊ အားကစားကွင်းများ ဖြစ်ရန်လိုကြောင်း၊ ကားရပ်နားရန်နေရာများ၊ အရေးပေါ်အခြေအနေတွင် အဝင်၊ အထွက်လွယ်ကူအဆင်ပြေစေမည့် လူထွက်ပေါက်များကိုလည်း ထည့်သွင်းစဉ်းစား အဆင့်မြှင့်တင်သွားရန် လိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) တည်ဆောက်ရာတွင် ခွင့်ပြုပေးထားသည့် မြေနေရာများကို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆင့်မြင့်ရေကူးကန် တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင်လည်း မြေလပ်များမရှိစေရေး သတ်မှတ်အကွာအဝေးနှင့်အညီဖြစ်ရန်လိုကြောင်း၊ **အားကစားအဆင့်အတန်း ကောင်းမွန်အဆင့်မြင့်လာစေရေးအတွက် အားကစားကွင်းများ၊ အားကစားရုံများသည် သတ်မှတ်ထားသည့်အဆင့်အတန်းမီရန်လို**ကြောင်း၊ ထိုသို့ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှသာလျှင် အားကစား တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နည်းပြများသည်လည်း အရည်အချင်းပြည့်မီစေရေး ဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်က ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုးသိန်းအားကစားပြိုင်ကွင်းအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တိုင်အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆင့်မြင့်ရေကူးကန် တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကြည့်စင်တည်ဆောက်ရာတွင် ပရိသတ်အရေအတွက်များများ ဝင်ဆံ့နိုင်အောင် တွက်ချက်ဆောင်ရွက်ရန်၊ ရာသီဥတုဒဏ် အထူးသဖြင့် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်အောင် တွက်ချက်ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်က ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ရေမီတာများတပ်ဆင်ထားရှိမှုနှင့် ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လက်ရှိရေဖြန့်ဝေပေးနေမှုနှင့် နွေရာသီရေလိုအပ်မှုများရှိချိန်တွင် မြို့ရေလိုအပ်ချက်၊ ရေအရည်အသွေးဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာမှတ်တမ်းများ၊ ရေသန့်စင်စက်ရုံလုပ်ငန်းဆောင်ရွက်မှုများ၊ သန့်စင်ပြီးရေများကို ပြည်သူများသုံးစွဲနိုင်ရေး ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ရေကို အကျိုးမဲ့သုံးစွဲမှုမရှိစေရေး ပြည်သူများကို အသိပညာပေးဆောင်ရွက်ရန်လို**ကြောင်း၊ **ပုသိမ်မြို့သည် မိုးများသည့်ဒေသဖြစ်သဖြင့် မိုးရေကို ဖုဆောင်းသိုလှောင်၍လည်း အသုံးပြုနိုင်**ကြောင်း၊ **ရေသန့်စင်စက်ရုံအနီး မြစ်ကြောင်းအတွင်း သဲနုန်းတင်ခြင်းများကို လျှော့ချနိုင်ရန်အတွက် ကမ်းပါးများအနီး၌ သစ်ပင်များကို တတ်နိုင်သမျှ စိုက်ပျိုးထိန်းသိမ်းရန်လို**ကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရေသန့်စင်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရေသန့်စင်စက်ရုံ၌ ရေများ အဆင့်ဆင့် သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေသန့်စင်စက်ရုံ၌ ရေများ အဆင့်ဆင့်သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းအနေဖြင့် ငဝန်မြစ်အတွင်းမှ ရေများကို တစ်ရက်လျှင် ရေဂါလန် ၄ ဒသမ ၅ သန်းကို သန့်စင်ပေးနိုင်ပြီး ယခုအခါ ပုသိမ်မြို့အတွင်းသို့ ရေပိုက်လိုင်းများသွယ်တန်း၍ သက်သာသောဈေးနှုန်းဖြင့် နေ့စဉ် ရေများဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်ကစတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်ထိ ခမ်းနားသိုက်မြိုက်စွာ နှစ်စဉ်ရည်ရွယ်ချက်ကောင်းများစွာနှင့် ၂၀၁၆ ခုနှစ်ထိ (၂၂)ကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း အကြောင်းပြချက်အမျိုးမျိုးဖြင့် ယခင်ပြည်ထောင်စုအစိုးရမှ ကျင်းပပေးနိုင်ခဲ့ခြင်း မရှိကြောင်း၊ ထိုသို့ ကြာမြင့်ချိန်ကာလအတွင်း ပြိုင်ပွဲအချို့ မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်များနှင့် ကင်းကွာစပြုလာသလို သမ္မာရင့်ဝါရင့် သက်ကြီးပညာရှင်အချို့ တိမ်းပါးကွယ်လွန်ခဲ့ခြင်းများလည်းရှိခဲ့ကြကြောင်း၊အခြားတစ်ဖက်တွင်လည်း ထိုကာလမတိုင်ခင်ကထဲကပင် မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာနှင့်ဆန့်ကျင်သည့် သရုပ်လွန်ဂီတများ၊ စကားလုံးကြမ်းကြမ်းဖြင့် တေးသီချင်းများ၊ ငြိမ့်ညောင်းညက်ညောမှု၏ ဆန့်ကျင်ဘက်ဖြစ်သည့် လှုပ်ရှားကပြမှုများသည် လူငယ်ထုအတွင်း အတိုင်းအတာတစ်ခုထိ ထိုးဖောက်ဝင်ရောက်စပြုလျက်ရှိခဲ့ကြောင်း။

ထိုသို့သော အခြေအနေများကြားတွင် မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို ထိန်းသိမ်းဆောင်ရွက်ထားသူ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို မြတ်နိုးဖက်တွယ်ထားသူ ဝါသနာရှင်လူငယ်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြန်လည်ပေါ်ထွန်းလာရေးကို အားကိုးတကြီး မျှော်လင့်ခဲ့ကြကြောင်း။

၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့ပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်မှုအပြင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ပြီး၊ အဂတိတရားကင်းရှင်းသည့် အကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ် ရွက်ပုန်းသီးအနုပညာရှင်များကို ဖော်ထုတ်မြှင့်တင်နိုင်ရေးအတွက်လည်း အလေးအနက်ထားမှာကြားခဲ့ကြောင်း။

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအနေဖြင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များဖြင့် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် အနုသုခုမဆိုင်ရာ ရှုထောင့်အပြင် လုံခြုံရေးရှုထောင့်နှင့် ထိုစဉ်က ရောဂါလက္ခဏာအရှိန်အဟုန် အနည်းငယ်ရှိနေသေးသည့် ကိုဗစ်-၁၉ ရောဂါကိုအကြောင်းပြုသည့် ကျန်းမာရေးရှုထောင့်ကပါ ပြည့်စုံစေ့စပ်စွာကြိုတင်စဉ်းစား ဆောင်ရွက်ခဲ့ကြသည့်အတွက် (၂၃)ကြိမ်မြောက် ပြိုင်ပွဲကြီးသည် ရွက်ပုန်းသီးအနုပညာရှင်များစွာ ပေါ်ထွက်လာမှုနှင့်အတူ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း။

ပြိုင်ပွဲဝင် အင်အားအနေဖြင့်လည်း နောက်ဆုံးပြိုင်ပွဲကြီးကျင်းပရန် နီးကပ်ချိန်ထိ ကြိုတင်မျှော်မှန်းထားသည့် အရေအတွက်ထက် တက်ကြွစွာ ပိုမိုပါဝင်ခဲ့သည့်အတွက်လည်း ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် နိုင်ငံတော်အဆင့် ပြိုင်ပွဲအခမ်းအနားကြီးတစ်ခုကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ရကျိုးနပ်သည့် ရလဒ်ပင်ဖြစ်ပါကြောင်း။

မြင့်မားသည့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့်ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ ထိုနိုင်ငံ၏ သမိုင်းနှင့်ချီပြီးရှည်လျားခဲ့သည့် ရိုးရာအစဉ်အလာ ဖြိုဖြိုဖြိုက် အထောက်အထားများအပြင် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမအစဉ်အလာများသည် အဆိုပါနိုင်ငံ၏ ထူးခြားပေါ်လွင်သည့် အဓိကသွင်ပြင်လက္ခဏာများပင်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြဋ္ဌာန်းချက်ပါ ပုဒ်မ (၂၇)အရ နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည့် အချက်အားလည်းကောင်း၊ ပုဒ်မ(၃၃)အရ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည့်အချက်အားလည်းကောင်း၊ ပုဒ်မ ၃၉၀(က)အရ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအချက်အားလည်းကောင်း အလေးထားလျက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ အောင်မြင်စွာ ကျင်းပခဲ့ပြီး ယခု ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကိုလည်း နိုင်ငံတော်အဆင့် အားလျော်စွာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေးအတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကဦးတည်ချက်ချမှတ်ပြီး အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ (၂၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ ပြိုင်ပွဲဝင် ဘာသာရပ်ဆိုင်ရာ ပြည့်ပြည့်စုံစုံ၊ အကဲဖြတ် ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ်ရွက်ပုန်းသီး ပြိုင်ပွဲဝင်လူငယ်မောင်မယ်များ အင်ပြည့်အားပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြရန်အတွက် သက်ဆိုင်ရာ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်းနှင့် ယခင် (၂၃)ကြိမ်မြောက်ပြိုင်ပွဲမှ အားနည်းချက်များကို သင်ခန်းစာယူ၍ အားသာချက်များအဖြစ်ပြောင်းလဲကာ ပြိုင်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဦးလွင်က ယခင်ပြိုင်ပွဲ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ ယခုပြိုင်ပွဲကျင်းပမည့် အစီအစဉ်များနှင့် ဆုချီးမြှင့်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးတည်ချက်များ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာအုပ်ချုပ်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အကဲဖြတ်ပညာရှင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

## ဩဂုတ် ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ဩဂုတ် ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၇၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၁၁၁၆ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၉၂၂ ဦး |

# ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ အစဉ်အလာအတိုင်းဒေသစာရီအပူဇော်ခံမည်



**ညောင်ရွှေ ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များသည် အောက်တိုဘာ ၁၅ ရက်မှစတင်က နိုဝင်ဘာ ၁ ရက်ထိ အစဉ်အလာအတိုင်း ဒေသစာရီအပူဇော်ခံမည်ဖြစ်ကြောင်း အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ် ဂေါပကအဖွဲ့ဝင် ဦးစိုင်းထွန်းရီက ပြောပြ၍ သိရသည်။

အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များသည် ၂၀၂၀ ပြည့်နှစ်မှစ၍ လှည့်လည်အပူဇော်ခံခြင်းမပြုတော့ဘဲ ဘုရားပွဲတော်ကိုသာ အကျဉ်းရုံးကျင်းပခဲ့ရာ ယခုနှစ်မှသာ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ် ဩဝါဒါစရိယ ဆရာတော်များအဖွဲ့နှင့်ဂေါပကအဖွဲ့တို့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပြန်လည်ကျင်းပမည်ဖြစ်သည်။

"သုံးနှစ်ကျော် လေးနှစ်နီးပါး ဒေသစာရီအပူဇော်ခံ ခရီးစဉ်မရှိခဲ့ဘူး။ အခုကတော့ အရင်နှစ်တွေလို စည်စည်ကားကားသိုက်သိုက်မြိုက်မြိုက်ကျင်းပမှာပါ။ ရွာစဉ်လှည့်ပြီး အပူဇော်ခံမှာဖြစ်တဲ့အတွက် တစ်ရက်တာ ရပ်နားအပူဇော်ခံမဲ့ရွာတွေမှာလဲ ပြည်မကြီးရောက်နေတဲ့သူတွေ ဇာတိမြေကိုပြန်လာနေကြပြီ။ ဘုရားပွဲလည်မဲ့ကြည့်မဲ့သူတွေလဲ လာကြမှာပါ။ ဟိုးအရင်ကာလတွေကတော့ နိုင်ငံခြားသားတွေ အဓိကလာတဲ့ပွဲပါ"ဟု ဦးစိုင်းထွန်းရီက ပြောပြသည်။

အဆိုပါဒေသစာရီအပူဇော်ခံခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက် ၄ နာရီတွင် ဖောင်တော်ဦးကျောင်းတော်၌ ဒေသစာရီအပူဇော်ခံကြွချီခြင်း မင်္ဂလာအခမ်းအနားဖွင့်လှစ်ပြီးနောက် နံနက် ၇ နာရီတွင် အင်းတိန်ကြေးပေါ်ခုံ ကျောင်းသို့ ကြွရောက်၍ ညကျိန်းအနေဖြင့် အပူဇော်ခံတော်မူမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၁၆ ရက် နံနက်မှစ၍ အပူဇော်ခံမည့်နေရာဌာနများသို့ ကြွရောက်အပူဇော်ခံပြီး နိုဝင်ဘာ ၁ ရက်တွင် ရေသာကျောင်းမှ ဖောင်တော်ဦးကျောင်းတော်သို့ ပြန်လည် ကြွချီတော်မူမည်ဖြစ်ကြောင်း သိရသည်။

ASH

# Sonic the Hedgehog-3 ဇာတ်ကားကို ယခုနှစ် စက်တင်ဘာလတွင် ရိုက်ကူးရန်စီစဉ်ထား

**နယူးယောက် ဩဂုတ် ၁၁**

Sonic the Hedgehog-3 ဇာတ်ကားကို ယခုနှစ် စက်တင်ဘာလတွင် စတင်ရိုက်ကူးရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Moviewed သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ရာတွင် ဇာတ်ညွှန်းရေးဆရာနှင့် သရုပ်ဆောင်များသပိတ်ကြောင့် လူသားသရုပ်ဆောင်များ မပါဝင်သည့် ဇာတ်ဝင်ခန်းများကိုသာ ဦးစားပေးရိုက်ကူးမည်ဖြစ်သည်။

Sonic the Hedgehog-3 ဇာတ်ကားသည် ဗီဒီယိုဂိမ်းအခြေခံ ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး လူသားသရုပ်ဆောင်များအဖြစ် မင်းသား အိုက်ဒရစ်အယ်ဘာ၊ ဂျိမ်းမာ့ဒန်နှင့် ဘင်ရှဝပ်တို့ ပါဝင်ထားသည်။

သို့ရာတွင် ဇာတ်ညွှန်းရေးဆရာများနှင့် သရုပ်ဆောင်များသပိတ်ကြောင့် ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကောင်များသာ ပါဝင်မည့် ဇာတ်ဝင်ခန်းများကို ယခုနှစ် စက်တင်ဘာလအတွင်း စတင်ရိုက်ကူးရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပက်ကာစေးနှင့် ဂျို့မီလာတို့က ရေးသားပေးထားပြီး ဒါရိုက်တာ ဂျက်ဖောင်လာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO




# အိုမားရေးတဲ့ဖူးစာ ဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေ

**ရန်ကုန် ဩဂုတ် ၁၁**

အိုမားရေးတဲ့ဖူးစာ ရုပ်သံဇာတ်လမ်းတွဲကို ယနေ့မှစ၍ fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် အဆိုတော်နှင့် သရုပ်ဆောင် မေခလာက ပြောပြ၍ သိရသည်။

အိုမားရေးတဲ့ဖူးစာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကိုဆက်က ရေးသားထားကာ ဇာတ်ညွှန်းကို ရာဇဝင်ကိုက ရေးသားထားခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဒါရိုက်တာအဖြစ် ရာဇဝင်ကိုကပင် ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဇာတ်လမ်းကတော့ ဟာသဇာတ်လမ်းတွဲလေးပါ။ ကိုရီးယားဇာတ်လမ်းတွဲတွေကို သဘောကျနှစ်သက်ပြီးတော့ အဲဒီအတိုင်းစားသောက်နေထိုင်ကြတဲ့ အိုမားတို့မိသားစုအကြောင်းပါ။ မိခင်ဖြစ်သူက သားသမီးတွေရဲ့အချစ်ရေး အချစ်ရာ ကဏ္ဍတွေမှာ သူ့စိတ်ကြိုက်ကိုရီးယားဇာတ်သွင်းပြီး ခြယ်လှယ်ဖို့ ကြိုးစားတဲ့အခါမှာတော့ သားသမီးတွေက အိုမားရဲ့




ဆန္ဒကို လက်ခံပါ့မလားဆိုတာကို ရယ်မောပျော်ရွှင်စွာ ကြည့်ရှုရမဲ့ဟာသဇာတ်လမ်းတွဲပဲ ဖြစ်ပါတယ်။ စောင့်မျှော် အားပေးကြပါအုံး"ဟု အဆိုတော်နှင့် သရုပ်ဆောင် မေခလာက ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ယနေ့မှစ၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၈ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထူးမြတ်၊ ဇွဲလရောင်၊ မင်းဆက်သစ်၊ မေခလာ၊ ရွှေရင်အေး၊ အိရွှန်းမဒီ၊ ယွန်းသဒ္ဒါအောင်၊ ခိုင်မဥ္ဇူဝင်းတို့အပြင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် အေးသီတာ၊ ခင်ခင်ကြီး၊ ရန်ကျော်တို့က အားဖြည့်ပါဝင်ပေးထားကြောင်း သိရသည်။

ASH

# Madame Web ၌ပါဝင်နေသည့် ဇာတ်ကောင်နေရာကို ဆစ်ဒနီဆွင်းနေး အတည်ပြု

**နယူးယောက် ဩဂုတ် ၁၁**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Madame Web စူပါဟီးရိုးဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နေသည့် ဇာတ်ကောင်နေရာကို မင်းသမီး ဆစ်ဒနီဆွင်းနေးက အတည်ပြုပြောကြားထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိအနေဖြင့် Madame Web ဇာတ်ကား၌ ဂျူလီယာကာပင်တာ (Spider-Woman) အဖြစ် သရုပ်ဆောင်နေကြောင်း ဆစ်ဒနီဆွင်းနေးက Variety သတင်းဝက်ဘ်ဆိုက်နှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။

သို့ရာတွင် ဆစ်ဒနီဆွင်းနေးသည် Madame Web ဇာတ်ကားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ပြောခြင်းမရှိခဲ့ကြောင်း၊ အဆိုပါဇာတ်ကားတွင် ဆစ်ဒနီဆွင်းနေးသည် မင်းသမီး ဒါကိုတာဂျွန်ဆင်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Madame Web ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘာ့ရှ်ပလက်က ရေးသားပေးထားပြီး ဒါရိုက်တာ အက်ဂျေကလပ်ဆန်က ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

KKO





# ကိုလံဘိုအာဆီယံရုပ်ရှင်ပြပွဲတွင် မြန်မာနိုင်ငံနှင့် အာဆီယံလေးနိုင်ငံမှ ရုပ်ရှင်ဇာတ်လမ်းနှင့် ဇာတ်လမ်းတိုများ ပါဝင်ပြသသွားမည်

**ရန်ကုန် ဩဂုတ် ၁၁**

ယခုနှစ် စက်တင်ဘာလအတွင်း သီရိလင်္ကာနိုင်ငံတွင် ကျင်းပသွားရန်ရှိသည့် ကိုလံဘိုအာဆီယံရုပ်ရှင်ပြပွဲတွင် မြန်မာနိုင်ငံနှင့် အာဆီယံလေးနိုင်ငံမှ ရုပ်ရှင်ဇာတ်လမ်းနှင့် ရုပ်ရှင်ဇာတ်လမ်းတိုများ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နိုင်ငံတကာဆက်ဆံရေးကော်မတီ ပြန်ကြားရေးမှူး ဦးချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။

အဆိုပါရုပ်ရှင်ပြပွဲတွင် အာဆီယံနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ ၎င်းပြပွဲတွင် အင်္ဂလိပ်စာတန်းထိုး မြန်မာရုပ်ရှင်ဇာတ်ကား တစ်ကားနှင့် ဇာတ်လမ်းတိုသုံးကား ပါဝင်ပြသရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

"လောလောဆယ်တော့ ပါဝင်ချင်တဲ့သူတွေကို အရင်ဖိတ်ခေါ်ထားတယ်။ ပါဝင်ချင်တဲ့သူတွေက စာရင်းပေးပြီးပြီဆိုရင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲကိုပဲ ဒီဇာတ်ကားတွေကတော့ ပါဝင်လိုပါတယ်ဆိုပြီး အကြောင်းကြားပေးရမှာပါ။ ရွေးချယ်မှုနဲ့ပတ်သက်ရင်တော့ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲကနေပဲ ရွေးချယ်ပေးမှာပါ။ ယဉ်ကျေးမှုဖလှယ်ရေးအတွက် ပါဝင်ပြသတာပါ။ ယဉ်ကျေးမှုဖလှယ်ရေးဖြစ်တဲ့အတွက် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူးလူးဆက်ဆံရေးမှာ အများကြီးအကျိုးရှိပါတယ်။ လက်ရှိကတော့ မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားနဲ့ ဇာတ်လမ်းတိုနှစ်ကား စာရင်းပေးသွင်းထားပါတယ်"ဟု ဦးချမ်းသာကြည်စိုးက ပြောပြသည်။

အဆိုပါရုပ်ရှင်ပြပွဲတွင် ဝင်ရောက်ပြသရန်ဆန္ဒရှိသည့် မြန်မာရုပ်ရှင်ဖန်တီးထုတ်လုပ်သူများသည် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီမှတစ်ဆင့် ဩဂုတ် ၁၆ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း၊ စာရင်းပေးသွင်းမှုများအနက်မှ ရွေးချယ်ခြင်းခံရသည့် ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်လမ်းတိုများသည် သီရိလင်္ကာနိုင်ငံတွင် ကျင်းပမည့် ကိုလံဘိုအာဆီယံရုပ်ရှင်ပြပွဲတွင် သုံးရက်ကြာ ပါဝင်ပြသခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ASH

# နိုင်ငံတော်၏စွမ်းအားသစ် သားကောင်းရတနာလူငယ်များ

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

"ယနေ့လူငယ် နောင်ဝယ်လူကြီး၊ သင်လည်း တစ်ဦး သားထူးသားမြတ်၊ ဖြစ်အပ်ရာသည် ရှေ့သို့ရည်၍၊ ငုံမြည်မတာ သခ်ါရဟု စိတ်ကမစော လောလော ဆယ်ဆယ်၊ ဒုက္ခနယ်ကို ကယ်တင်နိုင်ကြပါစေသတည်း" ဟူ၍ ဆရာဇော်ဂျီက အိုတက်လူတို့ကဗျာတွင်ရေးသားခဲ့သည်။ လူငယ်တစ်ဦးသည် နောင်တစ်ချိန်တွင် လူကြီးအရွယ်သို့ရောက်ရှိမည်ဖြစ်ရာ ထူးချွန်ထက်မြက်ရပေမည်။ သခ်ါရသဘောတရားအရ ဒုက္ခနှင့်ကြုံတွေ့နေရသည့်လောကကြီးကို ကယ်တင်နိုင်ပါစေဟု ဆန္ဒပြုရေးဖွဲ့ထားခြင်းဖြစ်သည်။

အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းကို လူငယ်ဟု သတ်မှတ်ထားရှိ၏။ လူငယ်ဆိုသည့်စကားအတိုင်း ငယ်ရွယ်နုပျိုခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ စူးစမ်းလေ့လာလိုစိတ်ရှိခြင်း၊ ကာယအားဉာဏအားတို့ အပင်ပန်းခံနိုင်ခြင်း စသည့်အရည်အချင်းများရှိကြသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူမှုအရင်းအနှီးနှင့် ဉာဏအရင်းအနှီးတို့ အပြိုင်အဆိုင်မြှုပ်နှံကြရာတွင် မျိုးဆက်သစ်လူငယ်များကို ပိုမိုပျိုးထောင်လျက်ရှိသည်။

လူငယ်များ၏ စွမ်းပကားများ တိုးတက်မြင့်မားစေရန်အတွက် ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့(International Youth Day) အဖြစ်သတ်မှတ်ထားရှိသည်။ ထိုနေ့တွင် နိုင်ငံအသီးသီး၌ သီချင်းဆိုပွဲများ၊ စကားဝိုင်းများကို လုပ်ဆောင်ကြသည်။

လူငယ်တိုင်းတွင် ကိုယ်ခန္ဓာစွမ်းအားဖြစ်သည့် ကာယဗလ၊ ဉာဏ်၏စွမ်းအားဖြစ်သည့် ဉာဏဗလ၊ အကျင့်ကောင်းအကျင့်မြတ်၏ စွမ်းအားဖြစ်သည့် စာရိတ္တဗလ၊ မိတ်ကောင်းရှိခြင်း၏စွမ်းအားဖြစ်သည့် မိတ္တဗလ၊ ဥစ္စာပေါများခြင်း၏ စွမ်းအားဖြစ်သည့် ဘောဂဗလဟူသော ဗလငါးတန်ဖြင့် ပြည့်စုံနေရပေမည်။ တစ်နည်းဆိုရသော် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာကြံ့ခိုင်မှုရှိမှသာ မိမိအကျိုး၊ သူတစ်ပါးအကျိုးကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်အောင် ကြိုးစားရမည်။ လောကတွင်ဖြစ်ပျက်နေသောအရှိတရားများကို ဆင်ခြင်တုံတရားဖြင့်ချိန်ဆပြီး မိမိဘဝတိုးတက်ရေးကို ရှေးရှုရပေမည်။ ပညာဗဟုသုတကိုရှာမှီးရမည်။ မလုပ်ရန်တားမြစ်ထားသည်ကိုမလုပ်ခြင်း၊ လုပ်သင့်လုပ်ထိုက်သည်ကိုပြုလုပ်ခြင်းဆိုသည့် အကျင့်စာရိတ္တကောင်းလည်းရှိသင့်သည်။ မိမိ၏အကျိုးကို ဆောင်ရွက်ပေးတတ်သည့် မိတ်ဆွေကောင်းလည်းရှိရပါမည်။ မိမိ၏ဘဝခရီးတွင် နေထိုင်လုပ်ကိုင်စားသောက်ရာ၌ စည်းစိမ်ဥစ္စာသည် အရေးပါလျက်ရှိသည်။ ထို့ကြောင့် လူငယ်များသည် စည်းစိမ်ဥစ္စာရှိအောင် မိမိ၏အလုပ်တာဝန်များကို ကြိုးစားပမ်းစား လုပ်ဆောင်ရမည်။

လူငယ်များသည် နိုင်ငံတော်၏စွမ်းအားသစ်များအဖြစ်ထွက်ပေါ်လာမည့် သားကောင်းရတနာလူငယ်များဖြစ်ကြသည်။ အနာဂတ်နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမည့်သူများလည်း ဖြစ်ကြပေသည်။ လူတို့ကြောင့်ဖြစ်ပေါ်သည့် ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများ စသည့်ကမ္ဘာ့ရေးရာပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် လူငယ်များ၏စွမ်းအားမှာ အရေးပါလျက်ရှိသည်။ နိုင်ငံအတော်များများတွင် ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ထို့ပြင် မညီမျှမှု၊ အစွန်းရောက်မှု၊ သဟဇာတပျက်ပြားမှုများကလည်း ကမ္ဘာ့အန္တရာယ်အဖြစ် တွန်းပို့လျက်ရှိ၏။

လူငယ်များ၏အင်အားသည် မျက်မှောက်ကာလအခက်အခဲများကိုဖြေရှင်းရာတွင် အလွန်အရေးပါလျက်ရှိသည်။ အပြောင်းအလဲများကို ဖော်ဆောင်ရာတွင် လူငယ်များ၏စည်းလုံးမှုနှင့် ဦးဆောင်ပေးနိုင်မှုတို့က စနစ်တကျပါဝင်နိုင်ရပေမည်။ လူငယ်များသည် ဒေသန္တရအရေး၊ မိမိနိုင်ငံအရေးသာမက ကမ္ဘာ့အရေးကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာရမည်။ လေ့လာမှုမှရရှိသည့် ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူကာ အတွေ့အကြုံကောင်းများ ရရှိခြင်းဖြင့် စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်အောင် ကြိုးစားကြရန်မှာ လူငယ်တိုင်း၏တာဝန်ဖြစ်ပေသည်။

လူငယ်တို့၏ဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများအလိုက် ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ လူငယ်ရေးရာမူဝါဒကို ရေးဆွဲခဲ့သည်။ အခြေခံမူကိုးချက်နှင့် ရည်ရွယ်ချက် ၁၅ ချက်တို့ပါရှိ၏။ လူငယ်ရေးရာမူဝါဒဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိ လူငယ်များ၏လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု အနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းနိုင်မည့် မဟာဗျူဟာလမ်းညွှန်ချက်များကို နိုင်ငံတော်နှင့် သက်ဆိုင်သူအားလုံးက သန္နိဋ္ဌာန်ချဆောင်ရွက်နိုင်ရန် လိုအပ်သောအရင်းအမြစ်များ၊ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကို စနစ်တကျဖော်ညွှန်းထားသော မူဘောင်တစ်ခုဖြစ်ပါသည်။ လူငယ်များနှင့်ပတ်သက်သည့် အရေးအရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက လုပ်ငန်းစီမံချက်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူငယ်တို့၏စွမ်းရည်များမြင့်မားထူးချွန်လာစေရန်အတွက် လူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင်စတင်ခဲ့ပြီး ငပလီနှင့်ရန်ကုန်မြို့တွင် စခန်းများ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ဆက်လက်၍ အင်းလေးခေါင်တိုင်စခန်းနှင့် ပွဲကောက်ရေတံခွန်တို့တွင်ဖွင့်လှစ်နိုင်ခဲ့၏။ ၁၉၈၈ ခုနှစ်တွင် ၂၅ ကြိမ်မြောက် ငွေရတုစီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးနောက် ၎င်းအစီအစဉ်ကို ရပ်နားခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ရာ "ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း"ဟု ခေါ်ဝေါ်ခဲ့၏။ ၂၀၁၈ ခုနှစ်တွင် "လူရည်ချွန်စီမံကိန်း"ဟူ၍ သတ်မှတ်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် လူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ အဋ္ဌမတန်းလူရည်ချွန်ဦးရေ ၁၆၀၊ ဒသမတန်းလူရည်ချွန်ဦးရေ ၁၆၀ နှင့် ဧကာဒသမတန်းလူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကိုမွေးထုတ်ပေးနိုင်ခဲ့သည်။ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကိုငွေဆောင်၊ ပုဂံ၊ အင်းလေး၊ ပုသိမ်၊ ပုပ္ပား၊ တောင်ကြီးနှင့် ရန်ကုန် စသည့်ဒေသများသို့ လေ့လာရေးခရီး စေလွှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံရှိ မျိုးဆက်သစ်လူငယ်မောင်မယ်များသည် နိုင်ငံတော်အတွက် ရေကြောင်းပညာနှင့်လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကိုလည်းကောင်း၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း အကြီးတန်းအဆင့်နှင့် အငယ်တန်းအဆင့် သင်တန်းများကိုလည်းကောင်း ၂၀၂၃ ခုနှစ် ဧပြီလတွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့သည်။ တပ်မတော်(ရေ)ရေကြောင်းလူငယ်သင်တန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၇၁၂ ဦးတို့ကို သင်ကြားပေးခဲ့၏။

အလားတူ တပ်မတော်(လေ)က လေကြောင်းလူငယ်သင်တန်း ၁၇ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၆၈၀ တို့ကို သင်ကြားပေးခဲ့သည်။ တပ်မတော်(ကြည်း)မှ နိုင်ငံအတွင်းရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကို စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း၊ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်း၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်း စသည့်သင်တန်းများကို ခေါ်ယူလျက်ရှိသည်။

လူငယ်တို့၏ဘဝများ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ၎င်းတို့ကိုယ်တိုင်က ကြိုးပမ်းအားထုတ်ခြင်း၊ သက်ဆိုင်ရာ နိုင်ငံတော်အစိုးရများမှ ထောက်ပံ့အားပေးခြင်းတို့ ထွန်းကားလာသလို အမှောင်ထုချောက်ကမ်းပါးထဲသို့ဆွဲချမည့် မူးယစ်ဆေးဝါးများသည်လည်း နည်းမျိုးစုံဖြင့် လူငယ်ထုလက်ထဲသို့ ရောက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ လူငယ်ထုတစ်ရပ်လုံးကို လမ်းမှားရောက်စေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို သတိရှိစွာဖြင့် ကာကွယ်တိုက်ဖျက်ရန်မှာ လူသားအားလုံး၏ အဓိကတာဝန်ဖြစ်ပေသည်။ လူငယ်များအနေဖြင့်လည်း မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို သိရှိနားလည်ပြီး မူးယစ်ဆေးဝါး၏ သားကောင်များမဖြစ်စေရန် ဂရုပြုရမည်ဖြစ်သည်။ ထို့ပြင် လူငယ်တို့၏ လှုပ်ရှားတက်ကြွမှု၊ အဖွဲ့အစည်းကိုခင်မင်မှု၊ စွန့်စားလိုမှု စသည့်အကြောင်းတရားများကို အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာနိုင်ငံရေးသမားတို့က အသုံးချလေ့ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်ပရောက်CRPHနှင့် NUG အကြမ်းဖက်အဖွဲ့တို့မှ ဦးဆောင်နေကြသူများ၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် အချို့လူငယ်တို့မှာ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွင် ပါဝင်လျက်ရှိသည်ကို တွေ့နေရပေသည်။ အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရဟန်းနှင့်သီလရှင်များ၊ တောင်သူများ၊ ဈေးသည်များပါမကျန် ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်နေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၎င်းလူငယ်များကို ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်နိုင်ရေးအတွက် ကြိုဆိုလက်ခံလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူငယ်များ ထူးချွန်ထက်မြက်စေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်စေရန်အတွက် သက်ဆိုင်ရာအစိုးရအသီးသီးတို့က အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း လူငယ်ရေးရာမူဝါဒများရေးဆွဲခြင်း၊ လူရည်ချွန်စီမံကိန်းများ ဆောင်ရွက်ပေးခြင်း၊ ကင်းထောက်လူငယ်အဖွဲ့ ဖွဲ့စည်းထားခြင်း၊ တပ်မတော်က ရေကြောင်းနှင့် လေကြောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အခြားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း စသည်ဖြင့်လုပ်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သက်ဆိုင်ရာလူငယ်အပေါင်းတို့ကလည်း ကြိုးစားလိုက်နာသင့်ပေသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရန် အထူးဂရုပြုရပေမည်။ ထို့ကြောင့် မည်သည့်နိုင်ငံပင်ဖြစ်စေကာမူ လူငယ်တို့၏စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ပါက အောင်မြင်မှုကိုရရှိနိုင်ကြောင်းနှင့် "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"ကို ဂုဏ်ပြုသောအားဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ပါတော့သည်။

**ကိုးကား**

**- မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ(၂၀၁၇)**

❖ လူငယ်တိုင်းတွင် ကိုယ်ခန္ဓာစွမ်းအားဖြစ်သည့် ကာယဗလ၊ ဉာဏ်၏စွမ်းအားဖြစ်သည့် ဉာဏဗလ၊ အကျင့်ကောင်းအကျင့်မြတ်၏ စွမ်းအားဖြစ်သည့် စာရိတ္တဗလ၊ မိတ်ကောင်းရှိခြင်း၏စွမ်းအားဖြစ်သည့် မိတ္တဗလ၊ ဥစ္စာပေါများခြင်း၏စွမ်းအားဖြစ်သည့် ဘောဂဗလဟူသော ဗလငါးတန်ဖြင့် ပြည့်စုံနေရပေမည်။ တစ်နည်းဆိုရသော် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာကြံ့ခိုင်မှုရှိမှသာ မိမိအကျိုး၊ သူတစ်ပါးအကျိုးကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်အောင် ကြိုးစားရမည်။ လောကတွင်ဖြစ်ပျက်နေသော အရှိတရားများကို ဆင်ခြင်တုံတရားဖြင့်ချိန်ဆပြီး မိမိဘဝတိုးတက်ရေးကို ရှေးရှုရပေမည်။ ပညာဗဟုသုတကို ရှာမှီးရမည်။ ❖

## မိုးမိတ်မြို့နယ် သရက်ချိုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**မိုးမိတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် သရက်ချိုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးမိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ငွေကျပ် ၃၉၀ ဒသမ ၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက သရက်ချိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၉၀ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(မျော်ဘွယ်)**

ညွှန့်ဝင်း(နတ်တလင်း)

# အောင်မြင်စေမည့် ဘူး

မြန်မာဆိုရိုးစကား၊ စကားပုံတို့သည် ကာလဒေသအလျောက် မှန်ကန်စွာအသုံးပြုတတ်လျှင် အကျိုးရှိသည်ချည်းဖြစ်သည်။ ကာလဒေသအလျောက် မှန်ကန်စွာအသုံးပြုတတ်မှုအချက်ကို အဘယ်ကြောင့် ထည့်သွင်းရသနည်းဆိုလျှင် မြန်မာဆိုရိုးစကား၊ စကားပုံတို့သည် ကာလဒေသအလျောက် အသုံးပြုရကြောင်း ဆန့်ကျင်ဘက်သဘောဆောင်သည့် စကားပုံများက ဖော်ပြနေသည်။ သာဓကအားဖြင့် တစ်ရွာမပြောင်း သူကောင်းမဖြစ်၊ သေချင်တဲ့ကျား တောပြောင်း၊ တိတ်တိတ်နေ ထောင်တန်၊ မေးဖန်များ စကားရ၊ သွားဖန်များ ခရီးရောက်၊ ထိုင်နေအကောင်းသား ထသွားမှကျိုးမှန်းသိ စသည်တို့ကိုကြည့်လျှင် သိနိုင်သည်။

ကျွန်တော်တို့ငယ်စဉ်ကတည်းက ရင်းနှီးနေခဲ့သော မြန်မာဆိုရိုးစကားတစ်ခုရှိသည်။ ဘူးတစ်လုံးဆောင် အိုအောင်မဆင်းရဲဟူ၍ဖြစ်သည်။ အကျွမ်းတဝင်ရှိသောစကားဖြစ်သော်လည်း ဆိုလိုရင်းကို နားမလည်ဘဲ မိမိလိုရာဆွဲပြီး လွဲမှားစွာအသုံးပြုနေကြသည်။ ဘူးတစ်လုံးဆောင်ရမည်ကို ဖွင့်ဆိုနားလည်ကြသည်မှာ ဘယ်သူက ဘာမေးမေး၊ ဘာခိုင်းခိုင်း မသိဘူး၊ မရှိဘူး၊ မတတ်ဘူးဟုငြင်းပယ်လျှင် မိမိအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်တော့ ကိုယ်စိတ်နှစ်ပါးချမ်းသာရသည်ဟူ၍ဖြစ်နေလေသည်။ မြန်မာဆိုရိုးစကား၏ အဓိကဆိုလိုရင်းမှာ ဤသို့မဟုတ်ပေ။ အမှန်တကယ်ဆိုလိုရင်းမှာ မည်မျှခက်ခဲသည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါစေ မဖြစ်နိုင်တာမရှိဘူး၊ မသိနိုင်တာမရှိဘူး၊ မတတ်နိုင်တာမရှိဘူး၊ မအောင်မြင်နိုင်တာမရှိဘူးဟူသည့် ဘူးတစ်လုံးကိုဆောင်ကာ ကြိုးစားလျှင် အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

လူတချို့က မိမိတတ်သိသော၊ စွမ်းဆောင်နိုင်သောကိစ္စကိုပင် မသိပါဘူး၊ မတတ်ပါဘူး၊ မလုပ်နိုင်ပါဘူးဟု တလွဲဖြစ်သော ဘူးကိုဆောင်ကာ လိမ်လည်ပြောဆိုတတ်ကြသည်။ ထိုသူတို့သည် မိမိစွမ်းနိုင်သည့်ကိစ္စကိုပင် မစွမ်းဆောင်နိုင်ဟု တလွဲ "ဘူး"သုံးရာမှ မစွမ်းနိုင်တော့ခြင်း၊ နိမ့်ကျခြင်းအဖြစ်သို့ ဆိုက်ရောက်သွားကြလေသည်။ ထိုသို့ တလွဲ "ဘူး"သုံး၍ လိမ်လည်ငြင်းပယ်ခြင်းသည် မိမိအရည်အချင်းကို ချိုးနှိမ်ရာရောက်ကြောင်း သတိမပြုမိကြချေ။ အမှန်စင်စစ် အရာရာမစွမ်းဆောင်နိုင်တာမရှိဘူး၊ မဖြစ်နိုင်တာမရှိဘူးဟူသည့်"ဘူး"ကိုဆောင်မှသာ အောင်မြင်မှုရမည်ဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော် ဇနကမင်းသားသည် ရေကြောင်းခရီးဖြင့် ကုန်သွယ်သွားရင်း ပင်လယ်ထဲ၌ သင်္ဘောပျက်ကာ ကယ်သူမရှိဖြစ်ခဲ့သော်လည်း ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်၌ မလျှော့သောဇွဲဖြင့် ကူးခပ်နေခဲ့သည်။ သူ့စိတ်တွင် ကမ်းသို့ မရောက်နိုင်ဘူးဟူသော၊ ပျော့ညံ့အားလျော့သော စိတ်ဓာတ်မျိုးမရှိ၊ တစ်ဖက်ကမ်းကို ရောက်နိုင်ရမည်၊ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားကူးခပ်လျှင် ကမ်းကို မရောက်မရှိဘူးဟူသော စိတ်ဓာတ်ကြောင့် အသက်ရှင်ရန် အခွင့်အလမ်းရခဲ့သည်။ မြတ်စွာဘုရား၏ ပါရမီအရင့်သန်ဆုံးနောက်ဆုံးဘဝ၌ ဘုရားစင်စစ်ဧကန်ဖြစ်ရမည်။ မဖြစ်နိုင်တာမရှိဘူးဟူသော "ဘူး" ကို စွဲကိုင်လျက် ပညာ၊ သတိ၊ လုံ့လတို့ဖြင့် ဆင်ခြင်သုံးသပ်ကာ ကြိုးစားကျင့်ကြံခဲ့သဖြင့် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။

မြန်မာ့သမိုင်းတွင် ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲသည် စံနမူနာယူစရာစိတ်ဓာတ်နှင့်ကြိုးစားမှုကို ပြဆိုနေကြောင်း တွေ့နိုင်သည်။ တစ်ဖက်ရန်သူကို မနိုင်လို့မဖြစ်ဘူး၊ မနိုင်ဘူးဆိုတာမရှိဘူးဟူသောစိတ်ဓာတ်နှင့် ကြိုးစားမှုကို သူနှင့်ရဲမက်အားလုံး ခံယူရရှိအောင် ရေကြောင်းကို ကူးလာခဲ့သည့် ဖောင်များကို အကုန်ဖျက်ဆီးခိုင်းခဲ့သည်။ ထို့ကြောင့်ပင်လျှင် စစ်သည်ရဲမက်အားလုံးက သည်တိုက်ပွဲကို မနိုင်လို့မဖြစ်ဘူး၊ မနိုင်ဘူးဆိုတာမရှိဘူးဟူသော အကြွင်းမဲ့စိတ်ဓာတ်ဖြင့် ရှုပ်ရှပ်ချွံချွံတိုက်ပွဲဝင်နိုင်ခဲ့ပြီး အောင်မြင်မှုရခဲ့သည်။

ထူးချွန်ပြောင်မြောက်သော တတ်သိပညာရှင်တို့သည် မဖြစ်နိုင်တာမရှိဘူးဟူသော ပြင်းပြသည့် စိတ်ဓာတ်ဖြင့် တီထွင်ခြင်း၊ တွေးတောခြင်း၊ ကြံဆခြင်း၊ ကြိုးစားခြင်းတို့ကြောင့်ပင် အောင်မြင်မှုရခဲ့ကြသည်ပင်ဖြစ်သည်။ နိုဗယ်ဆုရသိပ္ပံပညာရှင်ကြီးများ၊ နယ်မြေသစ်ရှာဖွေခဲ့သူ ကိုလံဘတ်ကဲ့သို့သော ခရီးသွားပုဂ္ဂိုလ်ကြီးများ၊ တွေးခေါ်ပညာရှင်ကြီးများသည် "မဖြစ်နိုင်ဘူး"ဟူသော "ဘူး"ကိုမဆောင်ဘဲ "မဖြစ်နိုင်တာမရှိဘူး"ဟူသော "ဘူး"ကိုဆောင်နိုင်၍ ကြိုးစားမှုများအရာထင်ကာ အောင်မြင်မှုရခဲ့သူများဖြစ်လေသည်။

ကျွန်တော်သည် တပည့်များကို စာသင်ပြရာ၌ ထပ်ကာထပ်ကာကြိုးစားလျှင် မအောင်မြင်ဘူးဆိုတာ မရှိဘူးဟူသော အသိစိတ်ဓာတ်စွဲမြဲအောင် အမြဲသွန်သင်လမ်းပြခဲ့သည်။ ကျွန်တော်တို့နိုင်ငံတွင် ကျရှုံးမှုအများဆုံးသောစာမေးပွဲသည် တက္ကသိုလ်ဝင်စာမေးပွဲဖြစ်သည်။ အချို့ကျောင်းသားများသည် တစ်ကြိမ်တစ်ခါကျရှုံးရုံနှင့် လက်လျှော့ကျောင်းထွက်သွားကြသည်။ အချို့ကား အကြိမ်ကြိမ်ကြိုးစားဖြေဆိုကာ အောင်မြင်သွားကြသည်။ တစ်ကြိမ်နှင့် လက်လျှော့သူသည် စိတ်ဓာတ်ပျော့ညံ့သူဖြစ်ပြီး ဘူးတစ်လုံးမဆောင်နိုင်၍ မကြိုးစားတော့ပေ။ အကြိမ်ကြိမ်ကြိုးစားသူကား မအောင်မြင်နိုင်တာမရှိဘူး ဟူသော ဘူးကိုဆောင်နိုင်၍ အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ခြင်းဖြစ်သည်။

❖ လူတချို့က မိမိတတ်သိသော၊ စွမ်းဆောင်နိုင်သောကိစ္စကိုပင် မသိပါဘူး၊ မတတ်ပါဘူး၊ မလုပ်နိုင်ပါဘူးဟု တလွဲဖြစ်သောဘူးကို ဆောင်ကာ လိမ်လည်ပြောဆိုတတ်ကြသည်။ ထိုသူတို့သည် မိမိစွမ်းနိုင်သည့်ကိစ္စကိုပင် မစွမ်းဆောင်နိုင်ဟု တလွဲ "ဘူး"သုံးရာမှ မစွမ်းနိုင်တော့ခြင်း၊ နိမ့်ကျခြင်းအဖြစ်သို့ ဆိုက်ရောက်သွားကြလေသည်။ ထိုသို့ တလွဲ "ဘူး"သုံး၍ လိမ်လည်ငြင်းပယ်ခြင်းသည် မိမိအရည်အချင်းကို ချိုးနှိမ်ရာရောက်ကြောင်း သတိမပြုမိကြချေ။ အမှန်စင်စစ် အရာရာ မစွမ်းဆောင်နိုင်တာမရှိဘူး၊ မဖြစ်နိုင်တာမရှိဘူးဟူသည့် "ဘူး"ကို ဆောင်မှသာ အောင်မြင်မှုရမည်ဖြစ်သည်။ ❖

ထို့ကြောင့် စာမေးပွဲကျရှုံးသောတပည့်များကို တွေ့လျှင် မင်းတို့စာမေးပွဲကျရှုံးတာမဟုတ်ဘူး၊ မအောင်မြင်သေးတာဟုပြောဆို၍ စိတ်ဓာတ်ပြုပြင်ပေးရသည်။ ကျရှုံးသည်ဟုခံယူခြင်းနှင့် မအောင်မြင်သေးဟု၍ ခံယူခြင်းသည် မတူပါဟုရှင်းပြရသည်။ ကျရှုံးသည်ဟုခံယူနေခြင်းမှာ စိတ်ပျက်ခြင်း၊ ပျော့ညံ့ခြင်း၊ တွန့်ဆုတ်ခြင်းတို့ကိုသာဖြစ်စေပြီး အောင်မြင်အောင် ဆက်လက်ကြိုးစားလိုစိတ်မမွေးဖွားနိုင်။ မအောင်မြင်သေးခြင်းဟုခံယူခြင်းသည် ထပ်မံကြိုးစားလျှင် အောင်မြင်လာမည်ဟူသော အောင်စိတ်ကိုဖြစ်ပေါ်စေပြီး ကြိုးစားလိုစိတ်ထက်သန်လာမည်ဟု ရှင်းပြရသည်။ သဘောပေါက်လက်ခံသွားသော တပည့်များသည် ထပ်မံကြိုးစားကြကာ အောင်မြင်မှုရသွားကြသူများ အတော်ပင်များပြားခဲ့ချေပြီဖြစ်သည်။

စာရေးသူတွင် တူတစ်ယောက်ရှိသည်။ ကလေးဘဝက အနာရောဂါထူပြောပြီး မိဘများကို အတော်ဒုက္ခပေးခဲ့သူဖြစ်သည်။ လူလားမြောက်လာသောအခါတွင်လည်း လေ့လာစူးစမ်းမှုမရှိဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆင်ကန်းတောတိုး လုပ်ကိုင်ခဲ့သည်။ ကွမ်းစိုက်ပျိုးခြင်း၊ ကိုင်းသီးနှံများ စိုက်ပျိုးခြင်းကို မိဘထံမှ အရင်းအနှီးများစွာ ယူငင်ရင်းနှီးလုပ်ကိုင်ခဲ့သည်။ စိုက်ပျိုးသမျှပျက်စီးပြီး အရင်းပါဆုံးခဲ့ရသည်။ ဝက်၊ ကြက်၊ နွားများ မွေးမြူတော့လည်း ဤကဲ့သို့ပင်ဖြစ်သည်။ တိရစ္ဆာန်များ ရောဂါကျရောက်သေဆုံးကုန်ပြီး အရင်းပါပျောက်ခဲ့ရသည်။ သူ့ကို အရင်းအနှီးစိုက်ထုတ်ပေးလိုက်ရသော မိဘများလည်း အကြွေးတင်ကာ နိမ့်ပါးချို့တဲ့ခဲ့ရသည်။ ယခုတော့ သူသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပင် ကြီးပွားချမ်းသာနေသည်ကို တွေ့မြင်ရပါပြီ။ သူသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အထိနာ၍ အသိသာခဲ့ရခြင်းပင်။ ထိုအသိမှာ မည်သည့်လုပ်ငန်းမဆို နည်းပညာဆည်းပူးလေ့လာလျက် မအောင်မြင်မချင်းကြိုးစားလျှင် မဖြစ်နိုင်တာမရှိဘူးဟူသောအသိဖြစ်သည်။ နည်းမှန်လမ်းမှန်နှင့်အတူ မှန်ကန်သော"ဘူး"ကိုဆောင်ကာ ကြိုးစားခဲ့သဖြင့် အောင်မြင်သူဖြစ်နေလေသည်။

ယနေ့ စာပေလောကမှ သာဓကပြစရာပုဂ္ဂိုလ်တစ်ဦးရှိသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးတွင် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီးဦးတင်လှိုင် (လယ်တွင်းသားစောချစ်)ပင်ဖြစ်သည်။ ဆရာကြီး အထက်တန်းကျောင်းသားဘဝက ဝတ္ထုစာအုပ်တစ်အုပ်ဖတ်ပြီး အတုယူမှားရာ၍ အောင်မြင်မှုနှင့် ဝေးကွာနေခဲ့ရပုံကို ဆရာကြီး၏ ဟောပြောချက်အရ သိရသည်။ တက္ကသိုလ်ဝင်တန်း မဖြေ တေလေနေခဲ့သော ဝတ္ထုဇာတ်လိုက်ကို သဘောကျပြီး ထိုဇာတ်လိုက်လုပ်သမျှ အဟုတ်ထင်၍ လိုက်လုပ်ခဲ့သည်ဟုဆိုသည်။ ဘဝမှာ တက္ကသိုလ်ဝင်တန်း အောင်စရာမလို၊ ဖြေလည်းမဖြေလို၊ ဖြေလို့လည်း အောင်မှာမဟုတ်ဘူးဟူသော တလွဲအတွေးနှင့် တလွဲဘူးကို ဆောင်ခဲ့သည်။ ထို့ကြောင့် အောင်မြင်မှုနှင့် အချိန်အတန်ကြာဝေးကွာနေခဲ့ပြီး သူငယ်ချင်းတစ်ဦးက ဖတ်ရန်တိုက်တွန်းသည့် ဆရာကြီးပီမိုးနင်း ရေးသားသည့် "အောင်စိတ်"ကိုဖတ်မိရာမှ အတွေးအမြင်ခံယူချက်များ ပြောင်းလဲလာခဲ့သည်။ အောင်မြင်မှုတံခါးသည် တစ်ကြိမ်တစ်ခါခေါက်ရုံနှင့် မပွင့် သို့သော် မပွင့်ဘူးဟူသော စိတ်ဓာတ်ဇွဲတို့ဖြင့် အကြိမ်ကြိမ်အခါခါကြိုးစားခေါက်လျှင် အောင်မြင်မှုတံခါးသည် မုချပွင့်သည်ဟု သိခဲ့ချိန်မှစ၍ ပြုပြင်ကြိုးစားခဲ့ရာ အောင်မြင်မှုရလဒ်ကို ပိုင်ဆိုင်ခဲ့သည်။

မြတ်စွာဘုရားရှင်ဟောကြားသော လောကဓံတရားရှစ်ပါးတွင် အကောင်းလေးပါး၊ အဆိုးလေးပါး ပါဝင်သည်။ အကောင်းလေးပါးကြုံတွေ့ချိန်၌ အားရကျေနပ်ကာ ပေါ့လျော့မနေသင့်ပေ။ အဆိုးလေးပါးကြုံတွေ့ချိန်၌လည်း စိတ်ပျက်အားငယ်ကာ လက်လျှော့အရှုံးမပေးသင့်ပေ။ ဤအဆိုးများကို ကျော်ဖြတ်နိုင်ရမည်၊ မဖြစ်နိုင်သောအရာမရှိဘူး၊ မဖြစ်သေးသောအရာသာရှိသည်ဟု သိမြင်ခံယူလျက် အထပ်ထပ်ကြိုးစားလျှင် အောင်မြင်မှုဟူသောအကောင်းဆုံးဆုလာဘ်များ ရရှိပိုင်ဆိုင်လာမည်ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ရည်မှန်းချက်ပန်းတိုင်သို့လျှောက်လှမ်းရာ၌ လွဲချော်မှုများ၊ ဆုံးရှုံးမှုများ ကြုံတွေ့တတ်သည်မှာ ဓမ္မတာဖြစ်သည်။ ထိုလွဲချော်မှု၊ ဆုံးရှုံးမှုများကို ဂရုစိုက်မနေသင့်ပေ။ မိမိလျှောက်လှမ်းဆဲခြေလှမ်းများကို ရပ်တန့်ပစ်လိုက်လျှင် ပန်းတိုင်သို့ရောက်တော့မည်မဟုတ်ပေ။

ဥပမာအားဖြင့် မိမိလမ်းလျှောက်နေစဉ် ချော်လဲသည်ဆိုပါစို့။ မြင်သူတချို့က ဝိုင်းရယ်ကောင်းရယ်လိမ့်မည်။ အချို့က လာရောက်၍ ဝိုင်းထူပေးကောင်းပေးလိမ့်မည်။ အချို့ကမူ မည်သို့မျှမပြောဘဲ ရပ်ကြည့်ကောင်းကြည့်နေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ချော်လဲခြင်းနှင့်ပတ်သက်၍ ရှက်ရွံ့အားငယ်စရာမလို။ လူအများ၏ မိမိအပေါ်ထင်မြင်ပြုမူမှုသည် အရေးမကြီး။ မိမိလမ်းကို မိမိဆက်လျှောက်ရန်သာ ကြိုးစားရမည်။ ပတ်ဝန်းကျင်နှင့်ပတ်သက်သည့် မြန်မာဆိုရိုးစကားတစ်ခုရှိသည်။ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ ပတ်ဝန်းကျင်ကြောင့် မိမိ၏လုပ်လက်စအလုပ်ကိုရပ်ပစ်ရန်၊ မိမိ၏ရည်မှန်းချက်ကို ဖျက်ဆီးပစ်ရန်မလို။ စစ်ရှုံးဘုရင်ကြီးတစ်ပါးသည် ဂူတစ်ဂူ၌ ခိုဝင်ပုန်းအောင်းနေစဉ် ပင့်ကူတစ်ကောင်၏ မဆုတ်မနစ်သောဇွဲကို တွေ့မြင်ခဲ့ရသည်။ အပေါ်မှ အကြိမ်ကြိမ်ပြုတ်ကျခဲ့သော်လည်း အကြိမ်ကြိမ်ကြိုးစား၍တက်ခဲ့သဖြင့် နောက်ဆုံးတွင် အောင်မြင်သွားသော ပင့်ကူလေးကိုမြင်ပြီး စိတ်ဓာတ်ခွန်အားများ ပြန်လည်ရရှိခဲ့သည်။ ထိုစိတ်ဓာတ်ခွန်အားဖြင့် လက်နက်ဗိုလ်ပါစုဆောင်း၍ ရန်သူကို နောက်တစ်ကြိမ်ရင်ဆိုင်တိုက်ခိုက်ခဲ့ရာ အောင်မြင်မှုပြန်လည်ရရှိခဲ့သည်။

မိမိ၏အလုပ်အတွက် ပြည့်စုံလုံလောက်သောအချိန်ကို စောင့်ဆိုင်းနေ၍မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အလုပ်တစ်ခုကိုစလုပ်ရန် ပြည့်စုံလုံလောက်သောအချိန်ဟူ၍ မရှိသောကြောင့်ဖြစ်သည်။ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဆိုသကဲ့သို့ အလုပ်လုပ်ရန် အချိန်စောင့်ဆိုင်းနေသူအတွက် အချိန်က ထိုသူကို စောင့်မည်မဟုတ်ပေ။ အချိန်တိုင်းသည် အလုပ်လုပ်နေရမည့်ကာလဖြစ်ပြီး အောင်မြင်မှုအတွက် အမြဲလုပ်ဆောင်နေသူသည် လိုရာပန်းတိုင်သို့ရောက်မည်ဖြစ်သည်။

မိမိဘဝတွင် မိမိသာလျှင် ပဲ့ကိုင်ရှင်ဖြစ်သည်။ မည်သည့်အခြေအနေတွင်ဖြစ်စေ မိမိပျော်ရွှင်စေမည့်ဘဝမျိုးကိုသာဖန်တီး၍ အောင်မြင်အောင်အမြဲကြိုးစားနေရမည်။ စိတ်ဓာတ်ကျသောဘဝမျိုး၊ စိတ်ပျက်ညည်းညူနေသောဘဝမျိုးကို ဖန်တီးမိသူသည် အောင်မြင်သောဘဝကို ရမည်မဟုတ်ပေ။

မိမိရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် ကြိုးစားရာ၌ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားရသည်။ အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားအားထုတ်ရသည်။ သို့သော် မိမိကြိုးစားအားထုတ်မှု၏ရလဒ်ကိုကား အကောင်းဆုံးရလဒ်ကို မျှော်လင့်သကဲ့သို့ အဆိုးဆုံးရလဒ်အတွက်လည်း ကြိုတင်ပြင်ဆင်ထားရမည်။ အကောင်းဆုံးရလဒ်ကို ချည်း မျှော်လင့်ထားသည့်အခါ ရုတ်တရက် အဆိုးဆုံးရလဒ်နှင့် ရင်ဆိုင်ရချိန်တွင် စိတ်ဓာတ်ကျခြင်း၊ စိတ်ပျက်လက်လျှော့ကာ နောက်ထပ်ကြိုးစားချင်စိတ်မရှိဖြစ်သွားတတ်သည်။ ထို့ကြောင့် အကောင်း၊ အဆိုးရလဒ်နှစ်ခုအတွက် မိမိဘက်က ကြိုတင်ပြင်ဆင်ထားမှသာ ရှေ့ဆက်ရမည့်ခရီးအတွက် အားမာန်များထပ်မံရရှိကာ ပန်းတိုင်မရောက်မချင်း အရောက်လှမ်းကာ အောင်မြင်မှုသရဖူကို ဆွတ်ခူးနိုင်မည်ဖြစ်ပေသည်။

# MAI လေကြောင်းလိုင်းက ရန်ကုန်-မန္တလေးမှ ရုရှားနိုင်ငံ နိုဗိုဆီဘီရက်စ်ခ် ခရီးစဉ်ကို စက်တင်ဘာ ၅ ရက်မှစ၍ ပြေးဆွဲပေးသွားမည်




**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) က ရုရှား-မြန်မာ လေကြောင်းခရီးစဉ်သစ်အဖြစ် ရန်ကုန်- မန္တလေးမှ ရုရှားနိုင်ငံ နိုဗိုဆီဘီရက်စ်ခ် လေကြောင်းခရီးစဉ်ကို စက်တင်ဘာ ၅ ရက်မှစ၍ ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

ရုရှားနှင့် မြန်မာလေကြောင်းခရီးစဉ်အနေဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် (တံတားဦး) တို့မှ ရုရှားနိုင်ငံ နိုဗိုဆီဘီရက်စ်ခ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းပြေးဆွဲပေးမည့် လေကြောင်းခရီးစဉ်ကို စက်တင်ဘာ ၅ ရက်မှစတင်ကာ ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ-ရုရှား လေကြောင်းခရီးစဉ်ကို လာမဲ့စက်တင်ဘာ ၅ ရက်ကနေ စတင်ပြီးတော့ အပတ်စဉ် အင်္ဂါနဲ့ စနေနေ့တိုင်း ပျံသန်းပြေးဆွဲသွားမှာဖြစ်ပါတယ်။ လက်မှတ်ခနှုန်းထားတွေကတော့ အမေရိကန်ဒေါ်လာ ၄၀၉ ဒေါ်လာဖြစ်ပါတယ်။ ဒီလေကြောင်းခရီးစဉ်နဲ့ လိုက်ပါလာမဲ့ ရုရှားနိုင်ငံတကာခရီးသွားတွေအနေနဲ့ သုဝဏ္ဏဘူမိနဲ့ ဒွန်မောင်း (ထိုင်းနိုင်ငံ)၊ ချန်ဂီ (စင်ကာပူ)၊ ကွာလာလမ်ပူ (မလေးရှား)၊ ဟန္နိုင်း(ဗီယက်နမ်)၊ ဖနွမ်းပင်(ကမ္ဘောဒီးယား)နဲ့ ကိုးလ်ကတ္တား (အိန္ဒိယ)တို့ထိ လေကြောင်းခရီးနဲ့ ဆက်လက်သွားလာနိုင်ဖို့လဲ ချိတ်ဆက်ဆောင်ရွက်ထားပါတယ်"ဟု Mr.Tanes Kumar (Chief Commercial Officer of Myanmar Airways International) က ပြောကြားသည်။

ထို့ပြင် အဆိုပါလေကြောင်းခရီးစဉ်ဖြင့် လိုက်ပါလာသည့် ရုရှားနိုင်ငံတကာခရီးသွားများအတွက် မြန်မာနိုင်ငံရှိ နာမည်ကြီး ပြည်တွင်းခရီးစဉ်များဖြစ်သည့် ပုဂံ၊ ဟဲဟိုး၊ ပုဂံ၊ ညောင်ဦးတို့သို့လည်း လေကြောင်းခရီးစဉ်ဖြင့် ဆက်လက်သွားလာနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မိုးကောင်းမြို့၌ AVIP သင်တန်းပို့ချ

**မိုးကောင်း ဩဂုတ် ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) ရေးဆွဲနည်းသင်တန်းကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာသိမ့်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန VDP စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်ဦးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) နှင့်ပတ်သက်သည့် သင်ခန်းစာများအပြင်၊ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်၊ ကျေးရွာခေါင်းဆောင်မှုသင်ခန်းစာများကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ မိုးကောင်းမြို့နယ်အတွင်းရှိ VDP စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၅၆ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ တစ်ရက်ကြာသင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လတွင် လယ်ငါးခူပိဿာချိန် ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လတွင် လယ်ငါးခူပိဿာချိန် ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက လယ်ငါးခူပိဿာချိန် ၁၂၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်ထိ လယ်ငါးခူပိဿာချိန် ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်းက ငါးခူပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ဝယ်ယူမှုအပေါ် မူတည်ပြီး တင်ပို့ရောင်းချနေတယ်။ ပုံမှန်မရှိပါဘူး။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားထဲမှာပါတယ်။ အသားပေါ်တဲ့အတွက် ဝယ်ယူစားသုံးသူတွေက လဲကြိုက်တာပါ။ လက်ရှိတော့ ဈေးက ပုံမှန်အခြေအနေမှာရှိနေပါတယ်။ အခု တစ်ပိဿာချင်းဈေးအနေနဲ့ ငွေကျပ် ၁၁၀၀၀ ကနေ ၁၂၀၀၀ ထိ ဈေးပေါက်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် လယ်ငါးခူများကို ဒေသမြို့ဈေးအပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါလယ်ငါးခူများ ဝယ်ယူမှုကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဖဲမြို့နယ် သာယာကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖဲ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် သာယာကုန်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေကျပ် ၃၃ ဒသမ ၈ သန်းကို သာယာကုန်းကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများနှင့် သာယာကုန်းကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၃၆ ဦးကို ငွေကျပ် ၃၃ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းမတည်ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာကြောင်း ဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငယ်လေး**

# ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ဂျကာတာမြို့တွင် လေထုညစ်ညမ်းမှုမြင့်တက်နေသဖြင့် ပြည်သူများအပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ဆင်ရန် အစိုးရတိုက်တွန်း



**ဂျကာတာ ဩဂုတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ကျန်းမာရေးဘေးကင်းမှုအဆင့်ထက် လေထုညစ်ညမ်းမှု ၁၆ ဆခန့် မြင့်တက်နေသဖြင့် ဂျကာတာမြို့ရှိ ပြည်သူများ အပြင်ထွက်လျှင်နှာခေါင်းစည်းတပ်ဆင်ရန် အစိုးရက ဩဂုတ် ၁၀ ရက်က တိုက်တွန်းထားသည်ဟု Benar News သတင်းဌာနက ဩဂုတ် ၁၀ ရက်တွင် ရေးသားဖော်ပြထားသည်။

လူဦးရေ ၁၀ သန်းကျော် နေထိုင်သည့် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာတွင် ကျန်းမာရေးနှင့်မညီညွတ်သောလေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဆွစ်ဇာလန်လေထုအရည်အသွေးတိုင်းတာရေးကုမ္ပဏီ တစ်ခုဖြစ်သော IQAir က ဩဂုတ် ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် အစိုးရက ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ရန် တိုက်တွန်းချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျကာတာမြို့၏လေထုအတွင်း PM 2.5 အမှုန်အမွှားပါဝင်မှုသည် ဩဂုတ် ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တစ်ကုဗမီတာလျှင် ၈၁ ဒသမ ၅ မိုက်ခရိုဂရမ်ထိ ပါဝင်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ဘေးကင်းမှုအဆင့်ထက် ၁၆ ဆခန့် မြင့်တက်လျက်ရှိရာ IQAir ၏ ထုတ်ပြန်ချက်များအရ ကမ္ဘာ့လေထုအညစ်ညမ်းဆုံး မြို့များစာရင်းတွင် ဂျကာတာမြို့လည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံသားများကို ပြင်ပလှုပ်ရှားမှုများ လုပ်ဆောင်ရာတွင် နှာခေါင်းစည်းများတပ်ဆင်ရန် တိုက်တွန်းခဲ့ပြီး လေထုညစ်ညမ်းမှုများကြောင့် ပန်းနာရင်ကျပ်ရောဂါနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီး ဘူဒီဆာဒီကင်က ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုများသည် ဂျကာတာမြို့ အနီးတစ်ဝိုက်ရှိ စက်ရုံများနှင့် ယာဉ်ကြောပိတ်ဆို့မှုများမှထွက်ပေါ်လာသော အခိုးအငွေ့များကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပြီး ယခင်နှစ်ကလည်း ဂျကာတာမြို့သည် လေထုညစ်ညမ်းမှုအမြင့်ဆုံးမြို့များတွင် အဆင့် ၂၆ အဖြစ် ရပ်တည်ခဲ့သေးကြောင်း သိရသည်။

AZH

# လယ်ယာစိုက်ပျိုးရေးသုတေသနလုပ်ငန်းများအတွက် အစိုးရက ကန်ဒေါ်လာ ၃၈ သန်း ပံ့ပိုးမည့်အစီအစဉ် ဩစတြေးလျဝန်ကြီးချုပ်ကြေညာ

**ကင်ဘာရာ ဩဂုတ် ၁၁**

မိုးခေါင်ရေရှားမှုဒဏ် ခံနိုင်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာအလေ့အကျင့်များကို ရေရှည်စမ်းသပ်မှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစိုးရက အမေရိကန်ဒေါ်လာ ၃၈ သန်း ပံ့ပိုးပေးမည့်အစီအစဉ်ကို ဩစတြေးလျဝန်ကြီးချုပ်က ယနေ့တွင် ကြေညာခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သောသတင်းများကို ကိုးကား၍ Beef Central သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

လယ်သမားများအတွက် မြေဆီလွှာဆိုင်ရာ သုတေသနပြုခြင်း၊ မိုးခေါင်မှုဒဏ် ခံနိုင်ရည်ရှိသော သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ကျွဲ၊ နွားများအတွက် အစားအစာများထုတ်လုပ်ခြင်းလုပ်ငန်းများတွင် မိုးခေါင်ရေရှားမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ခြောက်နှစ်ကြာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒါက တကယ်အရေးကြီးပါတယ်။ အခြေခံအားဖြင့် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အလေ့အကျင့်ကောင်းတွေကို ကျယ်ပြန့်လာစေဖို့နဲ့ ရာသီဥတုပြောင်းလဲလာတဲ့အပေါ် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်သစ်တွေနဲ့ လိုက်လျောညီထွေဖြစ်စေမဲ့ စမ်းသပ်မှုတွေအတွက် ပံ့ပိုးပေးသွားမှာပါ"ဟု ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘနီက ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်သည် တောင်သူများအတွက် ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးလုပ်ငန်းများကိုလည်း ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘနီက ပြောကြားခဲ့သည်။

အဆိုပါ ကြေညာချက်နှင့်ပတ်သက်၍ အစိုးရ၏လုပ်ဆောင်ချက်များကို ဩစတြေးလျတောင်သူလယ်သမားအဖွဲ့ချုပ်က ကြိုဆိုခဲ့ကြောင်း သိရသည်။

AZH

# မြောက်ကိုရီးယားနိုင်ငံတွင် ခါနန်မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ပြုံယမ်း ဩဂုတ် ၁၁**

မြောက်ကိုရီးယားနိုင်ငံတွင် ခါနန်မုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း News wav သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ခါနန်မုန်တိုင်းသည် တောင်ကိုရီးယားနိုင်ငံတွင် တိုက်ခတ်ခဲ့ပြီးနောက် ဩဂုတ် ၁၀ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ပြုံယမ်းမြို့တွင် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားနိုင်ကြောင်း မြောက်ကိုရီးယားအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားအာဏာပိုင်အဖွဲ့အစည်းကလည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်နယ်မြေများတွင် မြောက်ကိုရီးယား တပ်မတော်သားများကို ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများဖြင့် စေလွှတ်ပေးထားကြောင်း၊ ခါနန်မုန်တိုင်းသည် ဂျပန်နိုင်ငံမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံသို့ဝင်ရောက်ကာ ထိုမှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခါနန်မုန်တိုင်းသည် တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်ခဲ့စဉ် မိုးရေချိန်မှာ ၁၅ ဒသမ ၈ လက်မထိ မြင့်တက်ခဲ့ပြီး နေရာအနှံ့တွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ ကျေးလက်ဒေသတချို့မှ ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသလို လမ်းမကြီးတချို့နှင့်စာသင်ကျောင်းတချို့ကို ယာယီပိတ်ထားရကြောင်း၊ မြောက်ကိုရီးယားနိုင်ငံတွင်လည်း ရေဘေးအန္တရာယ်ဖြင့် စတင်ရင်ဆိုင်နေရပြီဖြစ်ပြီး ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ရန်အတွက် ကြိုတင်စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား သတင်းစာတစ်စောင်ဖြစ်သည့် Rodong Sinmun က ရေဘေးအန္တရာယ်စတင်ဖြစ်ပွားနေပြီဖြစ်သည့်အတွက် အာဏာပိုင်အဖွဲ့အစည်းက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်သားများကိုစေလွှတ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

**ရိုင်းဆက်**



# ဟာဝိုင်ရီပြည်နယ် မောက်ဝီကျွန်းတွင် တောမီးကြောင့် ဒေသခံ ၅၃ ဦးသေဆုံး

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ မောက်ဝီကျွန်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်ခြေများဆီသို့ ကူးစက်ခဲ့ပြီး ဒေသခံ ၅၃ ဦး သေဆုံးခဲ့ကြောင်း ဟာဝိုင်ရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The Week သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မောက်ဝီကျွန်းတွင် ဩဂုတ် ၁၀ ရက်ထိ သေဆုံးသူ ခြောက်ဦးသာရှိခဲ့သော်လည်း တောမီးကူးစက်လောင်ကျွမ်းမှု အခြေအနေမှာ ဆိုးရွားလာသည့်အတွက် ပျက်စီးဆုံးရှုံးမှုနှုန်းလည်း မြင့်တက်ခဲ့သလို သေဆုံးသူလူဦးရေလည်း ၅၃ ဦး ရှိခဲ့ကြောင်း၊ မောက်ဝီကျွန်းတွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များအနက် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်အဖြစ် သတ်မှတ်ခံထားရပြီး အိုးမဲ့အိမ်မဲ့ဖြစ်နေသည့် ဒေသခံလူဦးရေ ၁၀၀၀၀ ကျော်ထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၅၃ ယောက်ထိရှိလာပြီး ပျက်စီးခဲ့တဲ့ လူနေအိမ်ခြေ ၁၀၀၀ ကျော်ထိ ရှိနေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ဆိုးရွားတဲ့ ပျက်စီးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဒေသတွေကို ပြန်လည်ထူထောင်ဖို့အတွက် နှစ်ပေါင်းများစွာအချိန်ယူသွားရအုံးမှာပါ"ဟု ဟာဝိုင်ရီပြည်နယ်ဝန်ကြီးချုပ် ဂျိုရှ်ဂရင်းက ပြောကြားခဲ့သည်။

ဟာဝိုင်ရီပြည်နယ် သက်တမ်းတစ်လျှောက် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အမြင့်မားဆုံးသော အခြေအနေဖြင့်ရင်ဆိုင်နေရပြီး အာဏာပိုင်အဖွဲ့အစည်းက ပြည်နယ်အတွင်းရှိ ဟိုတယ်များတွင် အိုးမဲ့အိမ်မဲ့ဖြစ်နေသော ဒေသခံများကို နေရာချပေးထားပြီး ယာယီရွက်ဖျင်တဲများဖြင့်လည်း ဒေသခံတချို့ကို နေရာ ချပေးထားရကြောင်း သိရသည်။

ဟာဝိုင်ရီပြည်နယ်သည် နှစ်စဉ်နှစ်တိုင်း လာရောက်လည်ပတ်ပြီး အပန်းဖြေအနားယူသူ တစ်နှစ်လျှင် ဦးရေနှစ်သန်းကျော်ထိရှိသည့် ပြည်နယ်ဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သောရှုခင်းများပျက်စီးခဲ့သလို တောမီးကြောင့် ပြည်နယ်အတွင်း လာရောက်လည်ပတ်မှုများကိုလည်း ယာယီတားမြစ်ထားရကြောင်း သိရသည်။

**ရိုင်းဆက်**

# ကျူးဘားနိုင်ငံတွင် ၁၉၅၁ ခုနှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံးဖြင့် ရင်ဆိုင်နေရ

**ဟာဗားနား ဩဂုတ် ၁၁**

ကာရစ်ဘီယံဒေသတစ်ခုဖြစ်သည့် ကျူးဘားနိုင်ငံတွင် ပြီးခဲ့သော ဇူလိုင်လက အပူချိန်စံချိန်တင် မြင့်တက်မှုဖြစ်ပွားခဲ့ပြီး ၁၉၅၁ ခုနှစ်နောက်ပိုင်း ကျူးဘားနိုင်ငံသက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးဖြင့်ရင်ဆိုင်နေရကြောင်း ကျူးဘားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက မှတ်တမ်းများနှင့်တကွ ဩဂုတ် ၁၀ ရက်က ထုတ်ပြန်ခဲ့သည်ဟု EE News သတင်းဌာနက ဩဂုတ် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကျူးဘားနိုင်ငံတွင် ဇူလိုင်လအတွင်း ပျမ်းမျှအပူချိန်မှာ ၂၉ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ထိရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်က တင်ထားသောစံချိန်ကိုကျော်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း ကျူးဘားမိုးလေဝသနှင့် ဇလဗေဒအင်စတီကျူက ထုတ်ပြန်ခဲ့သည်။

ကျူးဘားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ကျူးဘားနိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း မုန်တိုင်း ၁၃ ကြိမ်ထိဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း ကြိုတင်သတိပေးချက်ထုတ်ပြန်ထားသည့်အတွက် မုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်ရေးအတွက်လည်း ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက ပြင်ဆင်ထားကြောင်း ထုတ်ပြန်ထားသည်။

ကာရစ်ဘီယံဒေသများတွင် ဇူလိုင်လအတွင်း ပင်လယ်ရေမျက်နှာပြင် ပူနွေးမှုဖြစ်ပေါ်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုလည်း မြန်ဆန်နေကြောင်း၊ ကျူးဘားနိုင်ငံ၌ ညအချိန်တွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး ရာသီဥတုပြောင်းလဲမှုမြန်ဆန်နေသည့် ပြဿနာကြောင့် စားနပ်ရိက္ခာမလုံလောက်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့မလုံလောက်မှုနှင့် ဆေးဝါးမလုံလောက်မှုတို့ဖြင့် ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီးဖြန့်ဝေမှုတချို့ကို ယာယီရပ်ဆိုင်းထားရကြောင်း သိရသည်။

**ရိုင်းဆက်**

# တနင်္ဂနွေနေ့ည ဥရောပထိပ်သီးလိဂ် အဖွင့်ပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ချဲလ်ဆီးအသင်း၊ လိုင်ယွန်အသင်း၊ ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ



တနင်္ဂနွေနေ့ညမှာကစားမဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အဖွင့်ပွဲစဉ်တွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာသေချာပါတယ်။ ဒီတစ်ပတ်မှာတော့ ပရီးမီးယားလိဂ်၊ ပြင်သစ်လီဂူးနဲ့ လာလီဂါတို့သာ စတင်သေးတာဖြစ်ပေမဲ့ အဲဒီထဲက ရာသီအစအဖွင့်ပွဲစဉ်တွေမှာ အစဉ်အလာကောင်းတွေပိုင်ဆိုင်ခဲ့ပြီး လက်ရှိ ခြေစွမ်းပိုင်း ထက်မြက်နေတဲ့ အသင်းတွေကိုသာ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

### ချဲလ်ဆီးအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ချဲလ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့အမှတ်ပေးပြိုင်ပွဲ တွေ့ဆုံမှုနှစ်ကြိမ်မှာလဲ နှစ်ပွဲစလုံး ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ခေါ်ယူထားတဲ့ ကစားသမားတွေအထိုင်ကျလာသလို အခုအပြောင်းအရွှေ့မှာလဲ ခံစစ်နဲ့တိုက်စစ်ပိုင်းကို ထပ်မံဖြည့်တင်းနိုင်ခဲ့တာကြောင့် ကစားသမားအင်အားတောင့်တင်းနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ ပရီးမီးယားလိဂ်အတွေ့အကြုံကောင်းတွေရှိတဲ့ ပိုချက်တီနိုကို နည်းပြသစ်ခန့်အပ်နိုင်ခဲ့တာကြောင့် နည်းစနစ်ပိုင်းနဲ့ပတ်သက်ရင် လီဗာပူးကို ယှဉ်ပြိုင်နိုင်စွမ်းရှိမှာ သေချာပါတယ်။ နည်းပြပိုချက်တီနိုဟာ ရာသီကြို ခြေစမ်းပွဲစဉ်တွေမှာ ဂယ်လာဟာ၊ အန်ဇိုဖာနန်ဒက်စ်၊ အန်ကူကူ၊ ဂျက်ဆန်တို့ကို တွဲဖက်အသုံးပြုခဲ့ပြီး ခြေစမ်းပွဲ ငါးပွဲစလုံး ရှုံးနိမ့်ခဲ့တာမရှိပါဘူး။ ဒါ့ပြင် တိုက်စစ်မှူးအန်ကူကူ၊ ဂျက်ဆန်တို့အတွဲကလဲ လိုအပ်တဲ့ ဂိုးတွေသွင်းယူနိုင်ခဲ့တာကြောင့် ချဲလ်ဆီးအသင်းတိုက်စစ်ပိုင်းက ထက်မြက်နေတယ်လို့ဆိုရမှာပါ။

လီဗာပူးအသင်းဟာ အခုအပြောင်းအရွှေ့မှာ ကွင်းလယ်ပိုင်းက ဖာဘင်ဟို၊ ဟန်ဒါဆန်၊ ချိန်ဘာလိန်း၊ မင်နာ၊ နာဘီကီတာ၊ တိုက်စစ်ပိုင်းက ဖာမင်နိုတို့ထွက်ခွာသွားတာကြောင့် လိုအပ်ချက်တွေရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကွင်းလယ်မှာ မက်အယ်လစ်စတာ၊ ဆိုဘော့ဇလိုင်တို့ကို ခေါ်ယူနိုင်ခဲ့ပေမဲ့ ကစားသမားသစ်တွေအထိုင်ကျဖို့ ကြိုးစားနေရတာကြောင့် ခံစစ်ပိုင်းအားနည်းချက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် ရာသီကြိုခြေစမ်းပွဲမှာ အသင်းငယ်တွေကိုအနိုင်ရခဲ့ပေမဲ့ ခံစစ်ပိုင်းက ဂိုးပြန်ပေးခဲ့ရပြီး ခြေစမ်းပွဲငါးပွဲမှာ ၁၀ ဂိုးထိခွင့်ပြုခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ သူတို့နှစ်သင်းရဲ့ ကစားသမားစုဖွဲ့မှုမှာလဲ ချဲလ်ဆီးအသင်းက အသာရနေသလို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ချဲလ်ဆီးအသင်းနဲ့ ကစားခဲ့ရတဲ့ ပွဲစဉ်တွေမှာ လီဗာပူးအသင်းနိုင်ပွဲ မရသေးတာကြောင့် အခုပွဲစဉ်မှာလဲ မရှုံးနိမ့်ရေးအတွက်သာ ကစားလာဖို့များပါတယ်။ အခုအဖွင့်ပွဲစဉ်မှာ အသင်းကြီးနှစ်သင်းတွေ့ဆုံနေတာကြောင့် အနိုင်ရရေးထက်ရမှတ်ခွဲယူဖို့များနေလို့ အိမ်ရှင်အားသာချက်ရှိနေတဲ့ ချဲလ်ဆီးအသင်းကိုပဲ အားပေးရမှာပါ။

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၅ | - | ၀ | ဝီဟမ်း |
| ချဲလ်ဆီး | ၄ | - | ၃ | ဘရိုက်တန် |
| ချဲလ်ဆီး | ၁ | - | ၁ | နယူးကာဆယ် |
| ချဲလ်ဆီး | ၂ | - | ၀ | ဖူလ်ဟမ် |
| ချဲလ်ဆီး | ၁ | - | ၁ | ဒေါ့မွန် |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာရှုဟာ | ၂ | - | ၄ | လီဗာပူး |
| ဂရူသာဖတ် | ၄ | - | ၄ | လီဗာပူး |
| လက်စတာ | ၀ | - | ၄ | လီဗာပူး |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၃ | လီဗာပူး |
| လီဗာပူး | ၃ | - | ၁ | ဒမ်စတက် |

### လိုင်ယွန်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စထရာဘော့အသင်းနဲ့ လိုင်ယွန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စထရာဘော့အသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီနဲ့ အကျိုးတူပူးပေါင်းခဲ့တာကြောင့် ကစားသမားခေါ်ယူမှု အထိုက်အလျောက်ပြုလုပ်နိုင်ခဲ့ပြီး ချဲလ်ဆီးအသင်းက တိုက်စစ်ကစားသမား အိန်ဂျယ်လိုဂါဘရီရယ်ကိုလဲ အငှားခေါ်ယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အသင်းလိုက်ကစားအားနဲ့ စုဖွဲ့မှုမှာတော့ အားနည်းချက်တွေ ရှိနေသေးတာကြောင့် လိုင်ယွန်အသင်းကို ယှဉ်ပြိုင်ဖို့မလွယ်ကူပါဘူး။ စထရာဘော့အသင်းဟာ ရာသီကြိုပွဲစဉ် ငါးပွဲမှာ ဟော်ဖန်ဟိမ်းကို နှစ်ဂိုး တစ်ဂိုး၊ ဝါဒါဘရီမင်ကို နှစ်ဂိုး တစ်ဂိုး အနိုင်ရခဲ့ပေမဲ့ ဘက်ဆစ်တက်အသင်းကိုတော့ နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ တိုက်စစ်ပိုင်းက ကိုးဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ ပွဲတိုင်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။

လိုင်ယွန်အသင်းဟာ အခုအပြောင်းအရွှေ့ကာလမှာ ပရီးမီးယားလိဂ်က မိတ်လန်နိုင်းနဲ့ ကာလီတာကာတို့လို ခံစစ်ကစားသမားတွေကလွဲရင် ကျန်ကစားသမားတွေကတော့ ခြေစွမ်းပိုင်းသာမန်အဆင့်သာရှိတဲ့သူတွေကို ခေါ်ဆိုခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့သူတို့အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ခြေစွမ်းပြသနိုင်ခဲ့တဲ့ ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် ကစားကွက်ပိုင်း ကျဆင်းသွားမှာ မဟုတ်သလို အဝေးကွင်းပွဲစဉ်တွေဆို ရလဒ်ကောင်းအောင် ကစားတတ်တာကို သတိပြုရမှာပါ။ အထူးသဖြင့် နည်းပြလူးရန့်ဘလန့်ခ်ရဲ့ နည်းစနစ်ပိုင်းက ခြေစွမ်းပိုင်းအားနည်းတဲ့ အသင်းတွေအတွက် ကစားကွက်ပိုင်းတည်မရဘဲ ပွဲချိန်ကြာလာနဲ့ ဂိုးပေးရတာဖြစ်ပါတယ်။ ဒါကြောင့် အခုလို အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းဖို့အတွက် မဖြစ်မနေကြိုးပမ်းရမှာဖြစ်လို့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမဲ့ လိုင်ယွန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**စထရာဘော့အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၂ | - | ၁ | စထရာဘော့ |
| ဟော်ဖန်ဟိမ်း | ၁ | - | ၂ | စထရာဘော့ |
| စထရာဘော့ | ၁ | - | ၂ | ဘက်ဆစ်တက် |
| စထရာဘော့ | ၃ | - | ၃ | ဝါဒါဘရီမင် |
| စထရာဘော့ | ၂ | - | ၁ | ဝါဒါဘရီမင် |

**လိုင်ယွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ထရက်ဖား | ၁ | - | ၂ | လိုင်ယွန် |
| မန်ယူ | ၁ | - | ၀ | လိုင်ယွန် |
| မိုလန်ဘီခ် | ၁ | - | ၀ | လိုင်ယွန် |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | လိုင်ယွန် |
| ပဲလေ့စ် | ၂ | - | ၀ | လိုင်ယွန် |

### ဘက်တစ်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါအဖွင့်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗီလာရီးရဲလ်နဲ့ ဘက်တစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗီလာရီးရဲလ်အသင်းဟာ အခုအပြောင်းအရွှေ့မှာ တိုက်စစ်ပိုင်းက ဂျက်ဆန်နဲ့ ခံစစ်ပိုင်းက ပါအူတောရက်တို့ ထွက်ခွာသွားတာကြောင့် ကစားကွက်ပိုင်းကျဆင်းသွားတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဘဏ္ဍာရေးလိုအပ်ချက်ကြောင့် ခြေစွမ်းပြကစားသမားတွေကို ရောင်းချလိုက်ရပြီး ပုံမှန်ခြေစွမ်းသာရှိတဲ့ ကစားသမားတွေကိုသာ ငွေကြေးအနည်းငယ်နဲ့ ပြန်လည်ဖြည့်တင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ခြေစမ်းပွဲစဉ် ငါးပွဲမှာ တစ်ပွဲမှအနိုင်မရခဲ့ဘဲ ဟန်နိုဘာကို သုံးဂိုး ဂိုးမရှိ၊ ဖီရင်နဲကို တစ်ဂိုးစီသရေ၊ စပို့တင်းလစ္စဘွန်းကို သုံးဂိုး ဂိုးမရှိ၊ နိုက်အသင်းကို တစ်ဂိုးစီသရေ၊ နယူးကာဆယ်ကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ကွင်းလယ်ကစားသမား ကိုကွီလင်နဲ့ ခံစစ်ပိုင်းက အယ်ဘီယိုတို့ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ကစားကွက်ပိုင်း အားနည်းချက်ရှိနေအုံးမှာသေချာပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာလဲ ဘက်တစ်အသင်းက တစ်ကြိမ်မှမရှုံးခဲ့တာကြောင့် အခုပွဲစဉ်မှာ ဗီလာရီးရဲလ်ရှန်းကန်ရမှာပါ။

နည်းပြပယ်လီဂရီ ကိုင်တွယ်ပြီးနောက်ပိုင်း ပုံစံကောင်းရရှိလာတဲ့ ဘက်တစ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအမှတ်ပေးပွဲမှာ အဆင့်(၆) နဲ့ပြီးဆုံးခဲ့တာကြောင့် ယူရိုပါလိဂ်ကစားခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အခုအပြောင်းအရွှေ့မှာ အစ္စကိုတို့လို ဥရောပအတွေ့အကြုံရှိတဲ့ ကစားသမားတွေကို ခေါ်ယူအားဖြည့်နေပြီး ဥရောပပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ပြင်ဆင်နေတာ ဖြစ်ပါတယ်။ ဒါ့ပြင် ဘက်တစ်အသင်း တိုက်စစ်မှူးတွေဖြစ်တဲ့ အီဂယ်စီးယက်၊ အရိုဇီပီးရက်၊ ဝီလျံဂျို့၊ ဂျူအန်မီတို့လို ကစားသမားတွေက ခြေရည်တူအသင်းတွေနဲ့ဆို ဂိုးရယူလေ့ရှိတာကြောင့် ပါအူတောရက်မရှိတဲ့ ဗီလာရီးရဲလ်ခံစစ်ပိုင်း ရှန်းကန်ရဖို့များပါတယ်။ လက်ရှိ ဗီလာရီးရဲလ်အသင်းဟာလဲခြေစွမ်းပြကစားသမားတွေ ခေါ်ယူနိုင်ခဲ့ခြင်းမရှိသလို အသင်းက အဓိကကစားသမားတွေကို ရောင်းချခဲ့တာကြောင့် အဓိကကစားသမားတွေ ဆက်လက်ထိန်းသိမ်းခဲ့တဲ့ ဘက်တစ်အသင်းအနေနဲ့ အသာစီးရယူနိုင်မှာ သေချာပါတယ်။ ဒါ့ပြင် ဘက်တစ်အသင်းဟာ ပြီးခဲ့တဲ့ခြေစမ်းပွဲ လေးပွဲမှာတစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့ပေမဲ့ ခံစစ်ကပေးဂိုး သုံးဂိုးသာရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ ခံစစ်ကစားပုံတည်ငြိမ်နေတဲ့ ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟန်နိုဘာ | ၃ | - | ၀ | ဗီလာရီးရဲလ် |
| ဖီရင်နို | ၁ | - | ၁ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၀ | - | ၃ | စပို့တင်းလစ္စဘွန်း |
| နိုက် | ၁ | - | ၁ | ဗီလာရီးရဲလ် |
| နယူးကာဆယ် | ၄ | - | ၀ | ဗီလာရီးရဲလ် |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၃ | မိုနာကို |
| မစ်ဒယ်ဘရော့ | ၀ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ဘန်လေ |
| ဘက်တစ် | ၀ | - | ၁ | ဆီဗီလာ |
| ဘက်တစ် | ၀ | - | ၁ | ဆိုစီဒက် |

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**


## ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၉၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၄၅၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၁၈၂၉၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတာ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ လျာထားဧကပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၂၇၉၉ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၅၄၂ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၄၂၅၀၊ ကျောက်မြောင်းမြို့နယ်တွင် ၃၇၀၈ ဧက စုစုပေါင်း ၁၈၂၉၉ ဧက တို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၈၅၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၀၄၇၉ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၂၂၅ ဧက၊ ကျောက်မြောင်းမြို့နယ်တွင် ၄၈၉၅ ဧက စုစုပေါင်း ၂၃၄၅၆ ဧက တို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ရွှေဘိုမြို့နယ်တွင် ၄၅၂၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၉၈၆၉ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၅၂၃၀၊ ကျောက်မြောင်းမြို့နယ်တွင် ၄၄၁၈ ဧက စုစုပေါင်း ဟင်းသီးဟင်းရွက် ၂၄၀၄၅ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၂၀၆)

## အောင်လံမြို့နယ် ဘို့လည်(မြစ်နား)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အောင်လံ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘို့လည်(မြစ်နား)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဘို့လည်(မြစ်နား)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဘို့လည်(မြစ်နား)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁၈၅၀၀၀၀ ထုတ်ချေးပေးထားကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

**ဖြူလေး**




**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

We Protect The Family

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## အရောင်းဝန်ထမ်းအလိုရှိသည်

လျှပ်စစ်ပစ္စည်းအရောင်းပိုင်းဆိုင်ရာအတွက် အမှန်တကယ်ကြိုးစားအလုပ်လုပ်ချင်သော ဝန်ထမ်းများအလိုရှိသည်။

**အမှတ်စဉ်(1)** Sale Leader ကျား/မ (4) ဦး
- အရောင်းလုပ်ငန်းအတွေ့အကြုံ (3)နှစ်အထက်
- လစာ + % (400000)အထက်

**အမှတ်စဉ်(2)** Sale Representative ကျား/မ (6) ဦး
- အရောင်းလုပ်ငန်းအတွေ့အကြုံ (1)နှစ်အထက်
- လစာ + % (300000)အထက်

အမှတ်စဉ်အားလုံးအတွက် ပညာအရည်အချင်းအနည်းဆုံး အထက်တန်းအဆင့်မှ ဘွဲ့ရထိဖြစ်ရမည်။ အသက် (20) မှ (32)ကြား၊ ယာဉ်မောင်းလိုင်စင်ရှိ၍ မန္တလေးမြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

- **အလုပ်လျှောက်ထားရန်အချိန်။** ။ နံနက် (၉)နာရီ မှ ညနေ (၅)နာရီ (ဥပုသ်ပိတ်)
- **လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်။** ။ ၃၀-၈-၂၀၂၃ အထိ

လိပ်စာ- Quality Star Distribution Group Co.,Ltd
67 (A)လမ်း၊ 42 လမ်းထောင့်
ဖုန်း- 09-798925833 , 09-772688880, 09-773688880

## အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော (ဘ)စိုင်းအောင်ခမ်း(၁၃/တယန(နိုင်)၀၇၆၅၆၇)၏သား စိုင်းပလိတ် ၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ အိုက်ပလိတ် ဖြစ်ပါကြောင်း။

**အိုက်ပလိတ်(၁၃/တယန(နိုင်)၀၉၄၉၈၈)**

## အမည်မှန်

မလှိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မြင့်(၉/ရမသ(နိုင်)၁၄၀၂၈၇)၏သား မောင်ဟန်စည်သူ ၏ အမည်မှန်မှာ မောင်ဟန်းစည်သူ ဖြစ်ပါကြောင်း။

**မောင်ဟန်းစည်သူ**
**(၉/ရမသ(နိုင်)၂၂၇၃၄၂)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အ. ထ. က(မြို့သစ်) Grade-12 မှ မမေဇင်ညိမ်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးချစ်အောင် ဖြစ်ပါကြောင်း။

**ဦးချစ်အောင်(၉/မလန(နိုင်)၁၅၄၈၈၁)**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)အကွက်အမည် ဆင်မျှားရှင်ကွင်း ဦးပိုင်အမှတ်(၂၉/င)ဧရိယာ(၀. ၃၁၅)ဧကရှိသည့်အနက်မှ ဧရိယာ (၀. ၁၃၉)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ၂၉/ခ |
| (ခ) | အနောက်လားသော် | - | လမ်း |
| (ဂ) | တောင်လားသော် | - | ၂၉/င ကျန်မြေ |
| (ဃ) | မြောက်လားသော် | - | ၂၉/င ကျန်မြေ |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ကေသီမိုး** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အ. ထ. က(မလှိုင်)၊ Grade-9တွင် ပညာသင်ကြားနေသော မယွန်းသဥ္ဇာမောင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းဝင်း ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဝင်း(၇/ကပက(နိုင်)၀၆၃၁၅၅)**

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ နန္ဒာမြောက်ကျေးရွာနေ မောင်စည်သူဇော် (ဘ) ဦးပြူး (၅/ဝလန(နိုင်)၁၈၉၀၃၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၇၈၈၃၇၂၈၈**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှုလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) Grade-4 တွင် ပညာသင်ကြားနေသော မောင်ရျာန်နီမောင် ၏ ဖခင်အမည်မှန် မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်ထွန်း ဖြစ်ပါကြောင်း။

**ဦးအောင်ထွန်း(၉/မလန(နိုင်)၁၁၃၄၁၅)**

## အမည်မှန်

မန္တလေး၊ပြည်ကြီးတံခွန်မြို့နယ်၊အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) Grade-4 တွင် ပညာသင်ကြားနေသော (ဘ)ဦးအောင်ထွန်း(၉/မလန(နိုင်)၁၁၃၄၁၅)၏သား မောင်ရျာန်နီမောင် ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ရျာန်စည်မောင် ဖြစ်ပါကြောင်း။

**မောင်ရျာန်စည်မောင်**


မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

ရန်သူမီးဘေး တားဆီးရေး
မနေးဆောင်ရွက်ကြ

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



❖ မောင်တို့မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုစုပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည်အောင် သင်ကြားပေးကြရန်လို...

❖ ထိုသို့ သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့်ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်...

❖ ထို့ပြင် လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကိုသာ သင်ကြားပေးရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိစစ်သည်၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**


ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
